www.burmeseclassic.com

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ပေါ်ရှိ ထင်ရှားသော

# သျှစ်သောင်းပုထိုးတော်ကြီးအကြောင်း သိကောင်းစရာများ


သိန်းထွန်းအောင် (ရှေးဟောင်းသုတေသန)



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သျှစ်သောင်းဘုရားကြီးပုံတော်

www.burmeseclassic.com

www.burmeseclassic.com




# သီရိ သုရိယ စန္ဒမဟာ ဓမ္မရာဇာဘွဲ့ခံ ဘုရင်မင်းဇကြီး
# နှင့် မိဖုရား ဖွားမင်းစော


www.burmeseclassic.com

www.burmeseclassic.com



သျှစ်သောင်း သိမ်တော်ကြီးကို ဆောက်လုပ် လှူဒါန်းပုံ

BURMESE CLASSIC .com



အာနန္ဒ စန္ဒြားကျောက်စာတိုင် ပြောင်းရွှေ့လာပုံ

www.burmeseclassic.com

www.burmeseclassic.com



အဝင်မှန်ဝ မပြုပြင်မိပုံ

www.burmeseclassic.com

www.burmeseclassic.com



အဝင်မုခ်ဝ ပြန်လည် ပြုပြင်ပြီးပုံ

www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ပေါ်ရှိ ထင်ရှားသော

# သျှစ်သောင်းပုထိုးတော်ကြီးအကြောင်း

# သိကောင်းစရာများ

သိန်းထွန်းအောင် (ရှေးဟောင်းသုတေသန)

www.burmeseclassic.com

www.burmeseclassic.com

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အမှာစာ

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ကို ပြည်တွင်း၌သာမက နိုင်ငံခြားတိုင်းပြည်များကပါ သိရှိကြသည်။ ယင်းသို့ သိရှိကြသည်မှာလည်း ယခုမျက်မှောက်ခေတ် ကာလတွင်မှမဟုတ် ရှေးနှစ်ပေါင်းများစွာကပင် ဖြစ်ပါသည်။

ရခိုင်တို့၏ ဗုဒ္ဓသာသနာရေစီးကြောင်းစတင်ခဲ့သည့် ဓညဝတီခေတ်မှစပြီး ဝေသာလီ၊ လေးမြို့၊ မြောက်ဦးခေတ်ထိတိုင်အောင် ရခိုင်ဘုရင်မင်းများသည် တောင်ပေါ်၊ မြေပြန့်မကျန် ဗုဒ္ဓသာသနာအမွေအနှစ်များဖြစ်ကြသည့် စေတီ၊ ပုထိုး၊ ဘုရားဆင်းထုတော်များ တည်ထားကိုးကွယ်ခဲ့ကြသည်ကို အရေအတွက်အားဖြင့် ""သဇင်ပန်းခိုင်တစ်မြိုင်မြိုင် ရခိုင်ဘုရားပေါင်း"" ဟုဆိုစမှတ်ပြုခဲ့ကြသည်။ တည်ထားကိုးကွယ်ခဲ့ကြရာတွင်လည်း အုတ်ကိုအသုံးပြုခြင်းထက် သဲကျောက်မာများကို ပိုပြီးအသုံးပြု၍ စေတီပုထိုး မြောက်များစွာ တည်ထားကိုးကွယ်ခဲ့ကြသည်ဖြစ်ရာ နိုင်ငံခြားသားအများစုက ""ကျောက်တုံးမြို့တော်"" (Stone City)ဟု ခေါ်ဆိုခဲ့ကြသည်။

သာသနာရောင်ဝါ ထွန်းလင်းတောက်ပခဲ့သော မြောက်ဦးမြို့တွင် ဘုရားပုထိုး စေတီများစွာအနက် ရန်အောင်ဇေယျ (ခေါ်) သျှစ်သောင်းပုထိုးတော်ကြီးမှာ ရှေးဟောင်းယဉ်ကျေးမှု ဗိသုကာလက်ရာ စုံလင်စွာဖြင့် လှပခိုင်ခန့်စွာ တည်ဆောက်ထားသော ပုထိုးတော်ကြီးတစ်ဆူ ဖြစ်ပါသည်။ မြောက်ဦးခေတ် ယဉ်ကျေးမှုတစ်ခုလုံးကို လှစ်ဟဖော်ပြနေသည့် ရှေးဟောင်းပန်းချီကားတစ်ချပ်ဟု တင်စားခေါ်နိုင်သလို မြောက်ဦးခေတ်တွင် နေထိုင်ခဲ့ကြသော ရခိုင်လူမျိုးတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို လွန်ခဲ့သောနှစ်ပေါင်း (၄၆၀) ကျော်ခန့်က ဘုရင် မင်းဗာကြီးနှင့် မိဖုရား ဖွားမင်းစောတို့ တည်ထားကိုးကွယ်ခဲ့ကြသည့် ဤသျှစ်သောင်းပုထိုးတော်ကြီးထဲတွင် ယနေ့ထိတိုင် ဖူးမြှော်လေ့လာနိုင်ပါသည်။

ဤစာအုပ်ငယ်သည် ပြည့်စုံတိကျသည့် မှီငြမ်းကိုးကားပြုနိုင်သည့် ကျမ်းစာအုပ်ကြီးတစ်အုပ် မဟုတ်ပါ။ ဘုရားဖူးလေ့လာသူများ အလွယ်တကူလေ့လာ သိရှိစေရန်အတွက် အဓိကအချက်အလက်များကိုသာ အကျဉ်းဖော်ပြထားခြင်း ဖြစ်ပါသည်။

အဓိကအားဖြင့် မိမိတို့၏ ဘိုးဘေးစဉ်ဆက် ကတည်းက တည်ထားကိုးကွယ်ခဲ့သည့် သမိုင်းဝင်ဗုဒ္ဓအမွေ အနှစ်များကို မပျောက်ပျက်ရအောင် စောင့်ရှောက်ထိန်းသိမ်းကြရမည်။

www.burmeseclassic.com

www.burmeseclassic.com

တိမ်မြုပ်ပျောက်ကွယ်နေသည့် ဘုရားစေတီ ပုထိုးများကိုလည်း ရှာဖွေဖော်ထုတ် သမိုင်းတင်ကြရမည်မှာ တစ်မျိုးသားလုံး၏ အမျိုးသားရေး သမိုင်းပေးတာဝန်ပင် ဖြစ်ပါသည်။

သိန်းထွန်းအောင်
(ရှေးဟောင်းသုတေသန)
၂၀၀၈ - ဒီဇင်ဘာ (၁၅) ရက်

## စာရေးသူ၏ ကျေးဇူးတင်လွှာ

ဤစာအုပ်ငယ်ကို ရေးသားပြုစုရာတွင် ဘုရား တရား သံဃာ ရတနာသုံးပါး၊ အနှိုင်းမဲ့မေတ္တာရှင်ကျေးဇူးရှင်မိဘ နှစ်ပါးနှင့် ကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာ စသည့် ဆရာသမားများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

သမိုင်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ စိတ်ရှည်လက်ရှည် သင်ကြားပြသပေးသော ဆရာဦးကျော်ထွန်းအောင်(တက်ထွန်းနီ၊ မြောက်ဦး)နှင့်ဇနီး ဒေါ်ခင်သန်း တို့အားလည်းကောင်း၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရခိုင်ဌာနခွဲ၊ မြောက်ဦးမှ ဒုတိယညွှန်ကြားရေးမှူး ဆရာဦးစောလွင်အားလည်းကောင်း၊ ခေတ်ပုံဟောင်းများကို ရှာဖွေပေးသော ဆရာကြီးဦးစံမောင်(ဥက္ကဋ္ဌ၊ သျှစ်သောင်းဂေါပက)အားလည်းကောင်း၊ လိုအပ်သော သမိုင်းဆောင်းပါးများကို ရှာဖွေကူညီပေးသော ဆရာဦးမောင်ကျော်စော(နောင်အေး၊အနောက်)အားလည်းကောင်း၊ သျှစ်သောင်းပုထိုးတော်ကြီးအတွင်းရှိ စာတ်တော်များကို လေ့လာရာတွင် ရှင်းလင်းပြသပေးသည့် ဦးဖြူသာထွန်း(သျှစ်သောင်းဂေါပက)အား လည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

www.burmeseclassic.com


www.burmeseclassic.com

ပုံဆွဲများကို စိတ်ရှည်စွာဖြင့် ရေးဆွဲပေးသော ရွှေဟောင်းသုတေသနဌာနမှ ဦးဝင်းစိန်(ပန်းချီထူးလှ)နှင့်ဇနီး ဒေါ်နုနုအေး အားလည်းကောင်း၊ ရေးသားဖြစ်မြောက်ရန် အားပေးအားမြှောက်ပြုလုပ်ပေးသည့် ဒေါ်လှအေးယဉ်(ခိုင်နန်းစံ) အားလည်းကောင်း၊ မှတ်စု မှတ်တမ်းများနှင့် စာမူကြမ်းများကို ရေးသားပြုစုရာတွင် အပင်ပန်းခံကူညီပေးသော ရှေးဟောင်းသုတေသနဌာနမှ ဇနီး ဒေါ်မလှသိန်းအားလည်းကောင်း၊ မျက်နှာဖုံးဒီဇိုင်းနှင့် အတွင်းအပြင် ကွန်ပျူတာစာစီစာပြုကို စိတ်ရှည်စွာဖြင့် ကူညီပေးသော "New Star"မှ ကိုအောင်လင်းအား လည်းကောင်း၊ စာအုပ်ထုတ်ဝေဖြစ်မြောက်ရန် ကူညီပေးသည့် "ခရီးဖော်"ပုံနှိပ်တိုက်မှ ဦးငွေးလှိုင်အားလည်းကောင်း ဤစာအုပ်ငယ်နှင့် ပတ်သက်၍ ကူညီပေးခဲ့ကြသော သက်ဆိုင်သူများအားလုံးကို အထူးကျေးဇူးဥပကာရ တင်ရှိပါသည်။

သိန်းထွန်းအောင်
သုတေသန

## မြောက်ဦးခေတ်၏ သမိုင်းနောက်ခံတစ်ပိုင်းတစ်စ

"ဂဇ္ဇပနဒီ ဤသည်ညာမွန်၊ ယဉ်တန်တဘက်၊ ပင်လယ်ထွက်မှု၊ နှစ်ဘက်ကမ်းခြေ ဖြားရီမှိဝယ်၊ ရွှေဆီပြုဗွာ၊ အာကာမှီခိုင်း တောင်ပြိုင်းပြိုင်း၍၊ ဆိုင်းဆိုင်း မထွှိုင်၊ ရခိုင်ညွှန့်ဖူး၊ မွန်ကြယ်မြူးသို့ ၊ မြောက်ဦးရွှိနန်း၊ တည်လတ်ထွန်းသည်၊ ဤကျွန်းဇမ္ဗူ ထူးတည့်လေး"။



နန်းတော်ကျုံးအနောက်တောင်ဘက်မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



ရခိုင်ဘုရင်ဘစောဖြူမင်းလက်ထက် ရခိုင်စာဆို ပညာရှိအမတ်ကြီး အဒူမင်းညိုရေးဖွဲ့သီကုံးခဲ့သော ရခိုင်မင်းသမီးဧချင်းတွင် ပါရှိသည့်အတိုင်း မြောက်ဦးမြို့တော်သည် ရခိုင်လူမျိုးတို့၏ ယဉ်ကျေးမှုဂုဏ်ဆောင် မြို့တော်တစ်ခု ဖြစ်သည်။

မြောက်ဦးမြို့တော်ကို ကောဇာသက္ကရာဇ် (၇၉၂)ခု၊ အေဒီ(၁၄၃၀)မှ စတင်ကာ မင်းဆက်ပေါင်း (၄၉)ဆက်၊ နှစ်ပေါင်း(၃၅၄)နှစ်တိုင်အောင် နန်းစံကြပြီး ကောဇာသက္ကရာဇ် (၁၁၄၆)ခု၊ အေဒီ (၁၇၈၄)ခုနှစ်ထိတိုင် စည်ပင်ဝပြောသာယာ



နန်းတော်ကုန်းအရှေ့ဘက်အတက်လှေကား



ခဲ့သည့် ရခိုင်တို့၏ ရာဇဌာနေ မင်းနေပြည်တော်တစ်ခုဖြစ်ခဲ့သည်။ မြောက်ဦးမြို့တော်သည် ရခိုင်ဘုရင်တို့၏ နောက်ဆုံးမြို့တော်ဖြစ်သည်နှင့်အညီ ရှည်လျားလှသည့် ရခိုင်သမိုင်းပေါ်ထွန်းခဲ့သော ကာလများဆိုလျှင်လည်း မြောက်ဦးခေတ်၏ မြစ်ဖျားခံရာ သမိုင်းအစ တစ်ခုဖြစ်သည်။

ဘုရင်မင်းစောမွန်သည် စစ်ဘေးဒဏ်သင့်ခဲ့သည့် လောင်းကြက်မြို့တော်ကို တည်ထောင်ခဲ့ပြီး (၂)နှစ်အကြာ၊ ကောဇာသက္ကရာဇ် (၇၉၂)ခု၊ အေဒီ(၁၄၃၀)ခုနှစ်တွင် မြောက်ဦးမြို့တော်သစ်ကို ပြောင်းရွှေ့တည်ထောင်ခဲ့သည်။ မြို့တော်တည်လျှင် မိမိအသက်တိုမည့် နိမိတ်ဖတ်မှုကိုပင် ပမာနမထားဘဲ ကိုယ်ကျိုးစွန့်ခဲ့သည့် စိတ်ဓါတ်သည် မြောက်ဦးမြို့တော်၏ ဝိဉာဉ်တမျှဟု ဆိုနိုင်သည်။

"မင်းစောမွန် ပြင်ပြု၊ မင်းဗာတည်၊ ရွှေမြောက်ဦး" ဆိုသည့် စကားနှင့်အညီ ကြီးကျယ်ခမ်းနားသည့် မြောက်ဦးမြို့တော်ကို ဂစ္ဆပနဒီနှင့် အဥ္ဇနနဒီမြစ်နှစ်သွယ်၏ လွင်ပြင်ကြား သဘာဝတောတောင်၊ ချောင်းမြောင်းများကို အခြေခံကာ အချက်ကျကျ တည်ဆောက်ထားခဲ့ပြီး မြို့သက်(၄)နှစ်အကြာတွင် စုက္ကရားနှင့် စစ်တကောင်းတို့ကို ပြန်လည်သိမ်းပိုက်ခြင်းဖြင့် မြောက်ဦးမြို့တော်၏ တန်ခိုးကြီးထွားမှုကို စတင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ် (၁၄၃၇)ခုတွင် အင်းဝ၊ ဟံသာဝတီစစ်ပွဲ၌ စစ်တလင်းဖြစ်ခဲ့ရသော သံတွဲနယ်သည် ပြန်လည်ပူးပေါင်းလာခဲ့သည်။ (၁၄၅၃)ခုတွင် အင်းဝနှင့် ရခိုင်တို့သည် သံတမန်ဆက်ဆံရေးပြေလည်ပြီး ရန်ဘက်ကင်းကာ ချစ်ကြည်မှုများ ရရှိခဲ့ပေသည်။ (၁၄၅၉-၁၄၈၂) ဘုရင်ဘစောဖြူမင်းလက်ထက်တွင် ရခိုင်စစ်အင်အားသည် ပို၍တောင့်တင်းလာခဲ့သည်။ (၁၅၁၃)ခုတွင် ရခိုင်ပိုင် သက်မင်း၊ မြုံမင်းတို့ ပုန်ကန်ပြီး စစ်တကောင်းနှင့် ဘင်္ဂါ(၁၂)မြို့တို့ကို လက်လွှတ်သွားရသည်သာမက ပြည်တွင်း မငြိမ်မသက်မှုများလည်း များပြားလာခဲ့သည်။

ဤသို့ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်တို့ကို (၁၅၃၁-၁၅၅၃) ဘုရင်မင်းဗာကြီးက အဆုံးသတ်စေခဲ့သည်။ မင်းဗာကြီးသည် တိုင်းပြုပြည်ပြု ရွှေမျဉ်းခမ္မသတ်ကျမ်းပြု သျှင်ငယ်ဆရာဦးမြဝါ၊ ပညာရှိအမတ်ချုပ်ကြီး မဟာပညာကျော်တို့၏ အကူအညီဖြင့် မြောက်ဦးမြို့အား ရွှေရောင်လွှမ်းမိုးသော ခေတ်ကာလအဖြစ် အသက်သွင်းပေးခဲ့သည်။ ပေါ်တူဂီတို့ကိုငှါးရမ်းပြီး ရခိုင်တပ်မတော်ကိုခိုင်ခံစေခဲ့သည်။ ထို့ကြောင့် နှစ်အနည်းငယ်မျှအတွင်း မြောက်ဦးမြို့တော်သည် ဘင်္ဂလားပင်လယ်ကမ်းခြေတွင် အကောင်းဆုံးသော ခံတပ်မြို့





ကြီးတစ်မြို့ ဖြစ်လာခဲ့ခြင်းသည်ပင်လျှင် မြောက်ဦးခေတ်၏ တစ်ပိုင်းတစ်စသော သမိုင်းနောက်ခံဖြစ်သည်။

ရခိုင်တို့၏ ဗုဒ္ဓဘာသာရေစီးကြောင်းစတင်ခဲ့သည့် ဓညဝတီခေတ်မှစ၍ ဝေသာလီ ၊ လေးမြို့၊ မြောက်ဦးခေတ် အထိ ခေတ်အဆက်ဆက် ဘုရင်များအားလုံးသည် ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ဝချမ်းသာသော ဘုရင့်နိုင်ငံများဖြစ်သည့်အလျှောက် တောင်ပေါ်၊ မြေပြန့်မကျန် နေရာဒေသများတွင် ဗုဒ္ဓဘာသာ အမွေအနှစ်များ ဖြစ်ကြသည့် စေတီ၊ ပုထိုး၊ ဘုရားဆင်းထု၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် စသည်တို့ကို ကြီးကျယ်စွာ ဆောက်လုပ် လှူဒါန်းခဲ့ကြသည်။

မြောက်ဦးမြို့တော်၏ နေရာအနှံ့ အပြားများတွင် သဘာဝတရားကို မလွန်ဆန်နိုင်ဘဲ၊ ယိုယွင်းပျက်စီးနေသည့် ရေတွက်မကုန်နိုင် လက်ညှိုးထိုးမလွဲနိုင်အောင် များပြားလှသည့် တန်ဘိုးမဖြတ်နိုင်သော ရှေးဟောင်းဘုရားဆင်းထု၊ စေတီ၊ ပုထိုး၊ တံတိုင်း၊ တံခါး၊ ခံတပ် စသည်တို့ကို ယနေ့ထိတိုင် တွေ့မြင့်နေရဆဲ ဖြစ်သည်။

ဗုဒ္ဓဘာသာ အထွဋ်အထိပ်သို့ ရောက်ရှိခဲ့သည့် မြောက်ဦးမြို့တော်သည် ရှေး ရခိုင်လူမျိုးများ၏ ယဉ်ကျေးမှု ဂုဏ်ဆောင် မြို့တော်တစ်ခုဖြစ်သည်နှင့်အညီ ရှေးဟောင်း အမွေအနှစ်များကို ထိန်းသိမ်းကာ သမိုင်းဝင်ရုပ်လုံး၊ ရုပ်ကြွ၊ ကျောက်ဆစ် လက်ရာများဖြင့် သက်သေတည်ရှိနေသော ရှေးဟောင်းပြတိုက်ကြီး တစ်ခုပင် ဖြစ်ပါသည်။

## ရန်အောင်ဇေယျ(ခေါ်)သျှစ်သောင်းပုထိုးတော်ကြီး

ရန်အောင်ဇေယျ (ခေါ်) သျှစ်သောင်းပုထိုးတော်ကြီး သည် မြန်မာနိုင်ငံ တစ်ဝှမ်းလုံးသာမက ကမ္ဘာ့ထိအောင် ကျော်ကြားသည့် မြောက်ဦးမြို့၏ အဓိကဂုဏ်ဆောင် ပုထိုး တော်ကြီးတစ်ဆူလည်းဖြစ်သည်။ ပုထိုးတော်ကြီးအား တည်ထားကိုးကွယ်ခဲ့သူမှာ ဒုတိယမြောက်ဦးခေတ်ကို စတင်



သျှစ်သောင်းပုထိုးတော်ကြီးအားတောင်ပေါ်မှမြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



တည်ထောင်ခဲ့သော "သီရိသုဓမ္မရာဇာ" ခေါ် ဘုရင်မင်းဗာကြီးဖြစ်သည်။ ပုထိုးတော်ကြီးကို နန်းတော်၏ မြောက်ဘက်မိုင်ဝက်ခန့်အကွာ ဖိုးခေါင်ဆောင်၏ မြောက်ဘက် ပေ (၄၀)ခန့်မြင့်သည့် တောင်ကလပ်ပေါ်တွင် တည်ထားခြင်း ဖြစ်သည်။

ပုထိုးတော်ကြီးကို အေဒီ (၁၅၃၅)ခု ၊ ကောဇာ သက္ကရာဇ် (၈၉၇)ခု တန်ဆောင်မုန်းလပြည့် စနေနေ့တွင် သျှင်ငယ် ဆရာဦးမြဝါက ဦးစီးဆောင်ရွက်ပြီး ကြံပဋိ ကျမ်းဂန်နှင့်အညီ ရခိုင်အမျိုးသားတို့အား ထွန်းလင်းစေခြင်းအကျိုးငှာ ကောင်းမွန်သော အတိတ်နမိတ်တို့ကို ယူဆောင်ပြီး "အပြည်ပြည်ကို သျှင်ငယ် ရစ်ဝန်းဇမ္ဗူထမ်း"ဟု ရွတ်ဆို ဥဒါန်းကျူးတော်မူပြီး ရွှေပန္နက်သဲတိုင် စိုက်ထူကာ တစ်ရော့ ရှစ်ခန်းသော ဌာပနာတို့ကို စီရင်တော်မူ၍ ကျောက်ညို၊ ကျောက်သား တို့ဖြင့် ဖိနပ်ခင်းတော်မူလေသည်။

ဘုရင်မင်းဗာကြီးသည် ပုထိုးတော်ကြီး မတည် ဆောက်မီ သက္ကရာဇ် (၈၉၄)တွင် ဘင်္ဂါ (၁၂)တိုင်းဖြစ်သည့် မောက်သူဇာ၊ ဒက္ကာ၊ ဂါန်ဘီလာ၊ သီလတ်၊ ပဋိက္ကရား၊ စစ်တကောင်း၊ ဂေါတပလ္လင်၊ ကံသာ၊ တိလင်္ဂါ၊ ဂင်္ဂါသာရ၊ ဘာရီဆာရ်၊ ရောင်ပုရ် စသည့်တို့ကို သိမ်းပိုက်အောင်မြင်



တော်မူခြင်းနှင့် ပေါ်တူဂီရေတပ်မတော်ကြီးကို တိုက်ခိုက် အောင်မြင်တော်မူခြင်း အထိမ်းအမှတ်အဖြစ် တည်ထား ကိုးကွယ်ခဲ့သည့်အတွက် "ရန်အောင်ဇေယျ" ပုထိုးတော်ကြီး ဟုလည်း ခေါ်တွင်ခဲ့သည်။

မင်းဗာကြီးဘုရင်သည် ဤသို့ ဘင်္ဂါ (၁၂)တိုင်းကို စစ်အောင်တော်မူပြီးနောက် ဗုဒ္ဓဂါယာသို့ သွားရောက်ကာ မဟာဗောဓိ၌ ကောင်းမှုကုသိုလ် ပြုခဲ့သည်။ မိစ္ဆာလူမျိုးတို့ ဖျက်ဆီးထားသည့် စေတီပုထိုးတို့မှ မရေတွက်နိုင်အောင် များပြားသော ဓါတ်တော်မွေတော်များနှင့် စောင့်ရှောက်သူ ကင်းမဲ့နေသော ဗုဒ္ဓ၏သီရိပါဒ ခြေတော်ရာကိုလည်း ပင့်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။ ဤကဲ့သို့ အနောက်မဇ္ဈိမဒေသမှ ပင့်ဆောင်လာသော ဓါတ်တော်မွေတော်အပေါင်း ရှစ်သောင်းလေးထောင်ကို ဌာပနာသွတ်သွင်း တည်ထား ကိုးကွယ်ခဲ့ခြင်းဖြင့်လည်းကောင်း၊ ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ရည်စူး၍ နောင်လာလတ္တံ့သော ဘုရားရှင်ပေါင်း ရှစ်သောင်းလေးထောင်တို့ကို ရည်စူးပြီး ဌာပနာ၍ တည်ထား ကိုးကွယ်ခဲ့သဖြင့် ‘‘သျှစ်သောင်းပုထိုးတော်ကြီး’’ ဟုခေါ်တွင်ခဲ့ကြောင်း သမိုင်းစာမျက်နှာ အထောက်အထားများအရ သိရှိရသည်။

## ပုထိုးတော်ကြီးကို “ရှစ်”အစား “သျှစ်”ဖြင့်ရေးခြင်း

‘‘သျှစ်သောင်းပုထိုးတော်ကြီး’’သည် ဓါတ်တော်မွေတော်ပေါင်း ရှစ်သောင်းလေးထောင်၊ နောင်ပွင့်လတ္တံ့သော



ဘုရားရှင်ပေါင်းသျှစ်သောင်းလေးထောင်တို့ကို ရည်ရွယ်ပြီး တည်ထားခဲ့သော ပုထိုးတော်ကြီးဖြစ်၍ ‘‘သျှစ်သောင်း’’

www.burmeseclassic.com

www.burmeseclassic.com



ဆိုသောအမည်“ရှစ်” အက္ခရာဖြင့်ရေး ရမည့်အစား “သျှစ်” အက္ခရာဖြင့် ယနေ့တိုင် ရေးသားနေကြပါသည်။

*“သျှစ်သောင်း”ဆိုသောအမည်သည် သောကြာနာမ်ဖြစ်သည်။ သောကြာသားဂေါတမဘုရားကို သောကြာအရပ် (မြောက်ဘက်)တွင် တည်ထားခဲ့ခြင်းဖြစ်သည်။ ပုထိုးတော်ကြီးတည်ခဲ့သော သက္ကရာဇ်(၈၉၇)ကို ဂဏန်းတစ်လုံးတည်းဖြစ်အောင်ပေါင်းသောအခါတွင် သောကြာနာမ် (၆)ဂဏန်းရသည်။

၈ + ၉ + ၇ = ၂၄ = ၆

သျှစ်သောင်း၊ ရန်အောင်ဇေယျကို တစ်လုံးတည်းဖြစ်အောင်ပေါင်းသော အခါတွင်လည်း သောကြာနာမ် (၆) ဂဏန်းရသည်။

သျှစ် + သောင်း + ရန် + အောင် + ဇေ + ယျ

၆ + ၆ + ၄ + ၁ + ၃ + ၄ = ၂၄ = ၆

သျှစ်သောင်းနှင့် သောကြာဂြိုလ်သက် (၂၁)ကို တစ်လုံးတည်းဖြစ်အောင် ပေါင်းသောအခါတွင်လည်း သောကြာနာမ် (၆) ဂဏန်းရသည်။

သျှစ် + သောင်း + သောကြာဂြိုလ်သက်

၆ + ၆ + ၂၁ = ၃၃ = ၆

* တက်ထွန်းနီ(မြောက်ဦး) ကျောက်စာသစ်တစ်ချပ် ရပ်ရှင်တေးကဗျာမဂ္ဂဇင်း ၂၀၀၁-ခုနှစ်၊ ဇူလိုင်



ရခိုင်လူမျိုးတို့၏ အသက်သည် သောကြာနာမ်၊ သောကြာအရပ်၊ မြောက်ဘက်တွင်ရှိသည်ဟူသောအချက်ကို သိသာအောင် အဓိပ္ပါယ်ရှိရှိ “ရှစ်” နှင့် မရေးဘဲ “သျှစ်”နှင့် “သျှစ်သောင်း”ဟူ၍ ပညာရှိများက တမင်ရေးသားခဲ့ကြခြင်းဖြစ်သည်။

ရခိုင်သည် ရာဟုနာမ်ဖြစ်သည်။ ရာဟု၏ အာယုအရပ်သည် သောကြာ၊ မြောက်ဘက်အရပ်ဖြစ်သည်။ ထို့ကြောင့် ရခိုင်၏အသက်သည် သောကြာနာမ်၊ မြောက်ဘက်အရပ်အတွင်ရှိသောကြောင့် သောကြာနာမ် “သျှစ်သောင်း” ဖြစ်သည် ဟူသော အဓိပ္ပါယ်ကိုပေါ်လွင်စေခဲ့သည်။

သျှစ်သောင်းပုထိုးတော်ကြီးကို တည်ခဲ့သော ဘုရင်မင်းဗာကြီးသည် နန်းတော်၏ မြောက်အရပ်၌ ဤဘုရားကို မတည်သင့်ပေ၊ အဘယ်ကြောင့်ဆိုသော် စနေသား မင်းဗာဘုရင်အတွက် ဘူမိအရပ်ကျခြင်းကြောင့် ကောင်းကျိုးထက် ဆိုးကျိုး များကိုဖြစ်စေနိုင်သည်။ သို့သော် ဘုရင်မင်းဗာကြီးသည် ဤဘုရားကို တည်ထားကိုးကွယ်ခဲ့ခြင်းမှာ မိမိတစ်ဦးတည်းအတွက် တည်ခဲ့ခြင်းမဟုတ်ဘဲ ရခိုင်တစ်မျိုးသားလုံးအတွက် ဖြစ်သည်ဆိုခြင်းမှာ ထင်ရှားလှပေသည်။ ထို့ကြောင့် ရခိုင်၊ မြန်မာပဏ္ဍိတ် ဆရာကြီး ဦးဦးသာထွန်းက “သျှစ်”ဖြင့်

www.burmeseclassic.com


www.burmeseclassic.com



သျှစ်သောင်းဟူ၍ ရေးခြင်းက မှန်ကန်သည် အဓိပ္ပါယ်ရှိသည်ဟု ပြောဆိုခဲ့ခြင်းဖြစ်သည်။

## ပုထိုးတော်ကြီး၏ ပုံသဏ္ဌာန်နှင့် တည်ဆောက်ပုံ


ပုထိုးတော်ကြီးမှာ အောက် ခံလိုဏ်ထပ်ကျောင်းပေါ်တွင် ပင်မ စေတီကြီး တစ်ဆူနှင့်အရံစေတီငယ် (၂၆)ဆူ၊ စုစုပေါင်း(၂၇)ဆူတို့သည် ဓါတ်လုံး စေတီအဖြစ်ဖြင့် သတ္တဗိသနက္ခတ် (၂၇)လုံးကို ရည်ရွယ်တည်ထားခဲ့ကြောင်းတွေ့ရသည်။ စေတီတို့ပုံသဏ္ဌာန်မှာ ခေါင်းလောင်းမှောက်၊ ဝေသာလီ





ခေတ်ကျောက် စတူပါသဏ္ဌာန် ဖြစ်ပြီး ဓါတုဂဗ္ဘခေါ်သည့် ဓါတ်တော်တိုက်မှာ ကုဗပုံဖြစ်သည်။

ပုထိုးတော်ကြီးကို ကြီးမားသော ကျောက်ညို ကျောက်တုံးကြီးများဖြင့် ဝင်္ကါဘာသဖွယ် လိုဏ်ဂူတော် (၅)ထပ်ဖြင့် တည်ဆောက်ထားသည်ကို ကြည့်ခြင်းအားဖြင့် ပုထိုးတော်ကြီးသည် ထုထည်ကြီးမားမှု၊ ကုန်းတော်မပြိုကျစေရန် ကျောက်တုံးကြီးများဖြင့် အားဖြည့်တည်ဆောက်ထားမှု၊



လိုဏ်ထပ်များစွာ ပါဝင်မှု စသည့် လက္ခဏာများကြောင့် အချို့ သုတေသီများက ခံတပ်ဟု လွဲမှားစွာဖြင့် ထင်မြင်

www.burmeseclassic.com

www.burmeseclassic.com



ယူဆထားကြသည်။ ပုထိုးတော်ကြီးကို ကာရံထားသော အုတ်တံတိုင်းသည် မြောက်ဘက်မှ တောင်ဘက်အထိ ပေ(၁၈၀)ခန့်၊ အရှေ့မှ အနောက်သို့ (၂၂၅)ပေခန့်ရှည်သည်။ ပုထိုးတော်ကြီး၏ အလျားမှာ (၁၆၀)ပေခန့် ၊ အနံ (၁၂၄)ပေခန့်၊ သိမ်တော်၏ အလျား(၇၀)ပေခန့်၊ အနံ (၄၆) ပေခန့်ရှိပြီး အောက်ခြေ မဟာရံမှ ဗဟိုစေတီတော်ကြီး အဖျားထိ (၈၆)ပေခန့် မြင့်မားသည်။

ဘုရားဂူအတွင်းလမ်းကြောင်းများတွင် တည်ရှိသော



တောင်ဘက်အရံစေတီများ

နံရံများ၏ အထုမှာ (၆)ပေမှ (၁၅)ပေအထိရှိသည်။ ပုထိုးတော်ကြီး၏ အနောက်ဘက်တွင် မြောက်ဦးခေတ် ဘုရင်



မင်းမြတ်တို့ ဘိသိက်မခံယူမီ မကိုဋ်တော်ဆောင်း၍ မင်္ဂလာ တရားနာယူသော အဆောင်တစ်ခုနှင့် ဥပုသ်ဆောင်တော် တစ်ခုရှိသည်။ ပုထိုးတော်ကြီး၏ တောင်ဘက်၊ မြောက်ဘက် နှင့် အနောက်ဘက် အုတ်တံတိုင်းများပေါ်တွင် အရံစေတီငယ် များစွာရှိသည်။ တောင်ဘက်မျက်နှာတွင် စေတီရံကြီးတစ်ဆူ နှင့် စေတီရံငယ် (၁၇)ဆူ၊ အနောက်ဘက်၌ စေတီရံငယ် (၃)ဆူ၊ မြောက်ဘက်၌ စေတီရံကြီး တစ်ဆူနှင့် စေတီရံငယ် (၁၄)ဆူ ၊ စုစုပေါင်း (၃၆)ဆူရှိသည်။ စေတီရံ ငယ်တစ်ဆူနှင့် တစ်ဆူကြားတွင် ကျောက်ပြားတစ်ချပ်စီစိုက်ထူထားရှိပြီး ကျောက်ပြား မျက်နှာပြင်တစ်ဖက်တစ်ချက်စီတွင် နိပါတ်တော်လာဇာတ်ကွက်တချို့ကို ရုပ်လုံး၊ရုပ်ကြွများဖြင့် ထွင်းထု ထားသည်။

တောင်ဘက်မျက်နှာစာ စေတီရံငယ်များကြားရှိ ကျောက်ဆစ်ရုပ်ထုများကို သျှစ်သောင်းဘုရားတည် မော်ကွန်း ပေစာဟောင်းတစ်စောင်၌ "အိုလေပြည်သူ၊ အိုလူများတို့ သက္ကရာဇ်ရှစ်ရာ၊ ကိုးဆယ်မှလျှင်၊ စွမ်းအင်ခုနစ် ဖြစ်သည့် ကောဇာ၊ တည်သည်ရာကား၊ မည်သာတွင်ထ၊ မြတ်ဗုဒ္ဓလျှင်၊ ဖြစ်ထများစွာ နုငါးရာနှင့် နောင်လာရှစ်သောင်း ၊ ဘုရား လောင်း၏ ရုပ်ပေါင်းများစွာ၊ ရှိသည်မှာကြောင့်၊ မည်သာတွင်

www.burmeseclassic.com

www.burmeseclassic.com



ရှောင်း၊ ရှင်သျှစ်သောင်းတွင်၊ တင့်ကြောင်းတည်ရာ၊ တောင်မျက်နှာ၌ ဖြစ်သည့်မှန်စွာ၊ ရုပ်ပေါင်းမှာကား၊ အရှေ့ကစ၊ နောက်သို့ကျအောင်၊ များမြောင်မနုသဿ၊ လူထိုမျှတို့ ၊ သိကြစေငှာ၊ မော်ကွန်းဖြာအံ့။"


"တည်လာအစ၊ ပထမကား၊ ကြီးလှတန်ခိုး၊ ဝတီန်စိုးသည်၊ ဟိုးဟိုးကျော်သား၊ နတ်သိကြားလျှင်၊ ဆင်းလှဘုန်းသန်၊ ဧရာဝဏ်ကို၊ စီးဟန်တုံ့မြောက်၊ ထိုကလျှောက်သော်၊ အံ့လောက်စရာ၊ မဟာပိန္နဲ၊ နတ်သူရဲလျှင်၊ ဆကဲစွန်စွာ၊ ကေသရာကို ၊ မှန်စွာစီးဘိ၊ မြတ်ဘုန်းရှိလျှင်၊ နေလေချင်သည်၊ မည်တွင်ဝိမလ၊ အမစ္စနှင့် မဟိံသကျွဲ၊ ထိုကလွဲသော်၊ နေပျော်မျောက်မင်း၊ တွင်ခြင်းနာမ၊ ကြီးတေဇနှင့် အာဠာဝက ၊



မနုဿီဟ



ကြာဖူးကိုင်နတ်သား



မဟိံသကျွဲမင်း





မနုဿနှင့် သီဟရာဇာ၊ မည်သညာဟု၊ ဒေဝါဘီလူး၊ စွယ်ပြူးပြူးနှင့်၊ ရှူးရှူး မျက်စိ၊ ရှိလေဘိမှ၊ ဃင္ဂိကရာ၊ ထိုဗြဟ္မာလျှင်၊ နေလာပြီးသော်၊ မယ်တော်နတ်သား၊ ကြာဖူးများနှင့် ညွှတ်တွားကော်ရော်၊ ပူဇော်ပေမှ မည်လှတွင်သီး ၊ စစ်သူကြီးဟု ဣသိလိင်၊ ရသေ့လှကို၊ နိလိနိကာ၊ လှပစွာလျှင် ဖျက်လာပေဟန်၊ ဆင်ဆန္ဒန်နှင့် မာန်ဟုန်ကြီးစွာ၊ ကေသရာက၊ စဉ်လာမည်မှတ်၊ ဘူရိဒတ်ဟု၊ ပြုလတ်သချာ၊ ရုပ်ပေါင်းမှာကား၊ ပဉ္စာဇကား၊ တဆယ့်ငါးတည်းခြားနား

www.burmeseclassic.com

www.burmeseclassic.com



သေသပ်၊ ရှိလက်တုံထွေ၊ ကျန်လေတစ်ဘက်၊ မျက်နှာထက်တွင်၊ ကိုင်လျှင်သောင်းသောင်း၊ ကြာဖူးပေါင်းနှင့် အလောင်းမှန်စွာ၊ နတ်များပါသည်၊ နောင်လာအစဉ် မှတ်ဖွယ်တည်း'' ဟူ၍တွေ့ရသည်။

မြောက်ဘက်မျက်နှာ စေတီအရံများကြားရှိ ကျောက်ပြားများမှာ အချို့ ကျိုးပဲ့ပျက်စီးနေသည်။ ကျန်နေ သေးသော ကျောက်ချပ်များတွင် ဘီလူးရုပ်၊ နဂါးရုပ်၊ ကြာဖူး ကိုင်၍ ရှိခိုးပူဇော်နေသော နတ်ရုပ်များလည်းကောင်း၊ ရခိုင်တို့၏ သမိုင်းဦးခေတ်မှ မင်းသားမာရယုနှင့် ရစိတာမာလာ တို့ တွေ့ကြဟန်၊ ငဆဒ္ဒါန်ဘီလူးကို လှံဖြင့်ထိုးဟန် ရုပ်ထုများကို တွေ့ရသည်။

## ပုထိုးတော်ကြီးကို မဏ္ဍိုင်ငါးရပ်ဖြင့် တည်ခြင်း

သျှစ်သောင်းပုထိုးတော်ကြီးကို သျှင်ငယ်ဆရာဦးမြဝါကြီးမှူး၍ အဓိက မဏ္ဍိုင်ကြီးငါးရပ်ဖြင့် တည်ခဲ့ကြောင်းကို မင်းဗာဘုရင်လက်ထက် (၈၉၈)ခု ပညာရှိသုခမိန် အမတ်ကြီး ဝိမလ ရေးသားပြုစုခဲ့သော ရခိုင်မဟာရာဇဝင်တော်ကြီး ပေမူ တစ်ခုတည်း၌ သာတွေ့ရကြောင်းသိရှိရသည်။

ဘုရင်မင်းဗာကြီးသည် သျှစ်သောင်းပုထိုးတော်ကြီးကို တည်ဆောက်စဉ်အတွင်း ရေးသားပြုစုသော ပေမူဖြစ်၍ မဏ္ဍိုင်ကြီးငါးရပ်ကို ထည့်သွင်းဖော်ပြခြင်း ဖြစ်မည်ဟု ခန့်မှန်းရသည်။

သျှစ်သောင်းပုထိုးတော်၏ အဓိက မဏ္ဍိုင်ကြီး ငါးရပ်မှာ -

၁။ ပထမမဏ္ဍိုင် (သဗ္ဗညုမြတ်စွာဘုရား၏ ဆင်းတုပုံတော်)

၂။ ဒုတိယမဏ္ဍိုင် (ကဋ္ဌိကာရ ဗြဟ္မာမင်းက အလောင်းတော်မြတ်အား သင်္ကန်းလှူပုံ)

၃။ တတိယမဏ္ဍိုင် (သိကြားမင်းကြီးက ဇရာဝဏ်ဆင်တော်ကို စီးနေပုံ)

www.burmeseclassic.com

www.burmeseclassic.com



၄။ စတုတ္ထမဏ္ဍိုင် (စတုလောကပါလနတ်မင်းကြီးပုံ)
၅။ ပဉ္စမမဏ္ဍိုင် (သျှစ်သောင်းဘုရားတည် ဒါယိကာဘုရင် မင်းဗာကြီးပုံ)

တို့ဖြစ်သည်။

## ပထမ မဏ္ဍိုင်

ပထမမဏ္ဍိုင်မှာ သျှစ်သောင်း ပုထိုးတော်ကြီး၏ အလယ်တည့်တည့် လိုဏ်ဂူရှိ ဂန္ဓကုဋီတိုက်ခန်းတော်၌ ကိန်းဝပ်စံပါယ်လျှက်ရှိသော ဉာဏ်တော်အမြင့် ကိုးပေကျော်ရှိ သျှစ်သောင်းဘုရား ကျောက်ညိုဆင်းထုတော်ကြီးဖြစ်သည်။

ဗောဓိပင်နှင့်ရွှေပလ္လင်ကို အောင်မြင်တော်မူဟန်၊ ထက်ဝယ်ဖွဲ့ခွေလျှက် ဘူမိဖဿမုဒြာပုံစံမျိုး ထုလုပ်ထားသည်။



ဆင်းထုတော်ကြီးမှာ အရှေ့အရပ်သို့ မျက်နှာမူလျှက်ရှိသည်။ ဤကဲ့ သို့ အရှေ့အရပ်ကို မျက်နှာမူထားရခြင်းမှာ အရှေ့အရပ်ရှိ တနင်္ဂနွေဂြိုလ်မင်းသည်



အားမြသော အလင်းရောင်ကိုပေးသည်။ လူ သတ္တဝါ အပေါင်းတို့၏ စိတ်ကိုအားမြစေသည်။ ထို့အပြင် ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင် ကိုယ်တော်တိုင်လည်း အရှေ့အရပ်သို့ မျက်နှာမူလျှက် ကျင့်ကြံအားထုတ်ခြင်းဖြင့် သဗ္ဗညုတရွှေဉာဏ်တော်ကိုရရှိကာ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ဤအချက်များကြောင့်ပင်လျှင် ပထမမဏ္ဍိုင်ဖြစ်သည့် သျှစ်သောင်းဘုရားဆင်းထုတော်ကြီးအား အရှေ့အရပ်သို့ မျက်နှာမူကာ တည်ထားကိုးကွယ်ခြင်းဖြစ်သည်။

## ဒုတိယမဏ္ဍိုင်

ဒုတိယမဏ္ဍိုင်မှာ ပုထိုးတော်ကြီး၏ စတုတ္ထလိုဏ်ပတ် အဂ္ဂိထောင့်(အရှေ့တောင်ဘက်) နံရံပေါ်တွင် ထုလုပ်ထားသည့် ကဋိုကာရမဟာ ဗြဟ္မာမင်းကြီး ရုပ်ထုဖြစ်သည်။ ဤကဋိုကာရ မဟာဗြဟ္မာမင်းကြီးသည် ဘဒ္ဒကမ္ဘာလောကတွင် ပွင့်တော်မူသော ဘုရားရှင်တို့အား သင်္ကန်းပရိက္ခရာပါရှိသည့် ကြာဖူးများကို ဆက်ကပ် လှူဒါန်း ရသည်။ အလောင်းတော်သိဒ္ဓတ္ထမင်း တောထွက်၍ ဆံတော်ပယ်စဉ် အခါတွင်လည်း ဤကဋိုကာရ အရိယာဗြဟ္မာကြီးက

www.burmeseclassic.com

www.burmeseclassic.com





ကြာသင်္ကန်း ကပ်လှူခဲ့သဖြင့် ထုလုပ်ထားခြင်းဖြစ်သည်။ အင်္ဂါထောင့်တွင်ထားရှိရခြင်းမှာ အင်္ဂါဂြိုလ် ကေသရာဇာခြင်္သေ့မင်းသည် ရတနာရွှေဂူတော်အတွင်း တစ်ကိုယ်တည်း ကိန်းအောင်းပြီး တောသုံးထောင့်ကို တန်ခိုးဣဒ္ဓိပါဒ်ဖြင့် စိုးပိုင်အုပ်ချုပ်သည်။

ဤဗြဟ္မာကြီးသည်လည်း သုဒ္ဓါဝါသငါးဘုံမှာ အရိယဗြဟ္မာကြီးဖြစ်၍ ကေသရာဇာခြင်္သေ့မင်းနှင့် အလားတူသည်။ ထို့ကြောင့် ဃဋိကာရဗြဟ္မာကြီးပုံတော်ကို အင်္ဂါထောင့်၌ ဒုတိယမဏ္ဍိုင်အဖြစ် စိုက်ထူထားခြင်း ဖြစ်သည်။



## တတိယမဏ္ဍိုင်

တတိယမဏ္ဍိုင်မှာ ပုထိုးတော်ကြီး၏ စတုတ္ထလိုဏ်ပတ် တနင်္ဂနွေထောင့် (အရှေ့မြောက်) လိုဏ်ဂူ၏ နံရံပေါ်တွင် ထုဆစ်ထားသော သိကြားမင်းရုပ်ထုဖြစ်သည်။ သိကြားမင်းသည် ဧရာဝဏ်ဆင်ကို စီးတော်မူပြီး မိဖုရားများဖြစ်ကြသော သုစိတ္တာ၊



သုနန္ဒာ၊ သုပဘာ၊ သုမာလာတို့ ခြံရံလျက် စံပါယ်တော်မူဟန် ထုလုပ်ထားသည်။ သိကြားမင်းကို အရှေ့မြောက်အရပ်၌ တတိယမဏ္ဍိုင်အဖြစ်ထားရှိရခြင်းမှာ သိကြားမင်းသည် ကမ္မဣဒ္ဓိပါဒ် တန်ခိုးဖြင့် လောကရှိ သတ္တဝါအပေါင်းတို့အား မကောင်းသူပယ်၊ ကောင်းသူကယ်ပြီး စိတ်အေးချမ်းသာမှုကို ပေးတော်မူသည်။ တနင်္ဂနွေဂြိုလ် နေမင်းကြီးသည်လည်း အမှောင်တိုက်ဖြစ်သော လောကကြီးကို အလင်းရောင်

www.burmeseclassic.com

www.burmeseclassic.com



ပေးသဖြင့် လူသတ္တဝါအပေါင်းတို့ စိတ်ချမ်းသာမှုကို ရစေသည်။ ဤသို့တန်ခိုးကမ္မဣဒ္ဓိပါဒ်တူညီသော သိကြားမင်းရုပ်ထုကို တနင်္ဂနွေဂြိုလ်မင်း၏ တည်ရာ အရှေ့မြောက်အရပ်၌ ထုလုပ်ထားခြင်းဖြစ်သည်။

### စတုတ္ထမဏ္ဍိုင်

စတုတ္ထမဏ္ဍိုင်သည် ပုထိုးတော်ကြီး၏ ရာဟုထောင့် (အနောက်မြောက်ဘက်) စတုတ္ထလိုဏ်ဂူ၏နံရံပေါ်တွင် ထုလုပ်ထားသော စတုလောကပါလ နတ်မင်းကြီး ရုပ်ထုဖြစ်သည်။ စန္ဒီ၊ ပရမီ၊ သော်မိ၊ မဟာပိန္နဲ စသောနတ်မင်းကြီး လေးပါးတို့သည် ဘဒ္ဒကမ္ဘာ ဖြစ်ပေါ်လာသည်မှစ၍ လူသတ္တဝါ အပေါင်းတို့ကို စောင့်ရှောက်သည်။ ဆုတ်ကပ်ကမ္ဘာ ဖြစ်ပေါ်လာသောအခါ သတ္တဝါတို့ တရားကင်းလွတ်သောကြောင့် နေခုနှစ်စင်းထွက်ပြီး ကမ္ဘာမီးလောင်မည့်





အကြောင်းသိမြင်တော်မူလေသည်။ ထိုသို့ မီး လောင်ကျွမ်းခြင်း ဒုက္ခအပေါင်းမှ ကင်းလွတ်စေခြင်းငှာ မီးမလောင်မီ အနှစ်ရှစ်သောင်းမှပင် ကြိုတင်၍ ကျင့်ကြံအားထုတ်ရမည့် တရားဓမ္မများကို ကြွေးကြော်ခဲ့သည်။ လူသတ္တဝါတို့အပေါ်၌ ကောင်းကျိုး၊ ဆိုးကျိုးကို တန်ခိုးဣဒ္ဓိပါဒ်ဖြင့် သိရှိတော်မူပြီး ကမ္ဘာပျက်သည်အထိ မေတ္တာဖြင့် စောင့်ရှောက်သည်။ ရာဟုထောင့်တွင် ထားရှိရခြင်းမှာ ရခိုင်ဟူသော ဝေါဟာရသည် ရာဟုဖြစ်ပြီး၊ ရာဟုဂြိုလ်သည် ရခိုင်တို့၏ အသက်ဖြစ်သည်။ ရာဟုဂြိုလ်မင်း၏ တန်ခိုးသည် လူသတ္တဝါတို့၏ ဆိုးကျိုး၊ ကောင်းကျိုးကို သိစေနိုင်သော လောကပါလနတ်မင်းကြီးနှင့် တူသောကြောင့်(ရာဟု) အရှေ့မြောက်အရပ်၌ ထုဆစ်ထားခြင်း ဖြစ်သည်။


### ပဉ္စမမဏ္ဍိုင်

ပဉ္စမမဏ္ဍိုင်မှာ ပုထိုးတော်ကြီး၏ လိုဏ်ပတ် စနေထောင့် (အနောက်တောင်ထောင့်) စတုတ္ထ လိုဏ်ဂူ၏နံရံပေါ်တွင် ထုလုပ်ထားသော မင်းဗာကြီး၏ ရုပ်ထုဖြစ်သည်။ ဘုရင့် မင်းဗာကြီးသည် ရှေးဘေးလောင်းတော် ဘိုးလောင်းတော်တို့ ခံယူတော်မူအပ်သော ဓမ္မတာတော်အတိုင်း ရာဇမီအဘိ

www.burmeseclassic.com

www.burmeseclassic.com





ရာဇာဘိသိတ်တော်ကို ခံယူတော်မူခဲ့သည်။ ထို့ကြောင့် အဓိပတိမဏ္ဍိုင် (၅)ချက်တွင် တစ်ပါးအပါအဝင်အဖြစ် ဘုရင်မင်းဗာကြီး၏ပုံတော်အား စိုက်ထူထားခြင်း ဖြစ်သည်။ မင်းဗာကြီးသည် စနေသားဖြစ်သည်။ စနေဂြိုလ်မင်း၏ တန်ခိုးဣဒ္ဓိပါဒ်သည် အရောင်ဝါပြင်းထန်လွန်းလှသည်။ သို့နှင့် စနေဂြိုလ်မင်း၏တည်ရာ အနောက်တောင်ထောင့်(စနေ့ထောင့်) တွင် ထုလုပ်ထားခြင်းဖြစ်သည်။

ဤရုပ်ထုတွင် လက်ခြောက်ချောင်းပါရှိသောကြောင့်



အချို့သုတေသီများက ဗြဟ္မာမင်းဟုယူဆကြသည်။ ရုပ်ထု၏ဘေးတွင် အခြွေအရံ မင်းမိဖုရားများ၊ ကခြေသည်များနှင့် သျှင်ဦးမြဝါရုပ်ထုကိုတွေ့ရပါသည်။ ဗြဟ္မာမင်းတွင် အခြွေအရံသင်းပင်း မရှိချေ။ ဤအချက်ကို ထောက်ရှုပါက ဘုရင်မင်းဗာကြီးဖြစ်ကြောင်း ထင်ရှားပေသည်။ ဘုရင်ရုပ်ထုကို လက်ခြောက်ချောင်းဖြင့် ထုဆစ်ထားရခြင်းမှာ မင်းဗာကြီးသည် သျှစ်သောင်းပုထိုးအပြင် အထောင်မကသော ဘုရားပုထိုးစေတီများကိုလှူဒါန်းခဲ့သည့် ဘုရားဒါယကာ မင်းကြီးတစ်ပါးဖြစ်သည်။ မင်းတကာတို့ မဆောင်ရွက်နိုင်ခဲ့သော ကျုံးမြောင်း၊ ပြအိုး၊မြို့ရိုး၊တံတိုင်း၊ထီးနန်း စသည်တို့ကို



ဘုရင်မင်းဗာကြီးနှင့် မိဖုရားများ

www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးတည် ဆောက်နိုင်ခဲ့သည်။ ထို့ကြောင့် လက်နက်ကြီးလေးပါးကို အစိုးရသော နတ်မင်းကြီးလေးပါးတို့၏ လက်ရုံးအားကို ဖော်ညွှန်းထုလုပ်ထားခြင်းဖြစ်သည်။ ဘုရင်မင်းဗာကြီးရုပ်ထုတွင် မူလလက်နှစ်ချောင်းမှာ ခရုသင်းနှင့်ကြာပန်းတို့ကို ကိုင်ဆောင်ထားပြီး ကျန်လက်လေးချောင်းတွင် သိကြားမင်း၏ ဝရဇိန်လက်နက်ကို လည်းကောင်း ယမမင်းကြီး၏ မျက်စေ့လက်နက်ကိုလည်းကောင်း၊ ဝဿဝဏ္ဏမင်းကြီး၏ ဂါဒါလက်နက်ကိုလည်းကောင်း၊ အာဠဝကဘီလူးမင်း၏ စုလျှားပုဆိုး လက်နက်ကိုလည်းကောင်း ကိုင်ဆောင်ထားကြောင်း တွေ့ရသည်။

--------- XXXXXXXX ---------

## ဒွါရပါလရုပ်ထု



ဒွါရပါလရုပ်ထုကို သျှစ်သောင်းပုထိုးတော်ကြီး၏ လှေကားရင်း မုခ်ဦးဘေး၌ တစ်ဖက်တစ်ရုပ်စီတွေ့ရှိရသည်။ ပုထိုးတော်ကြီးသို့ တက်တက်ချင်း လက်ဝဲဖက် ရုပ်ထုသည် ယခုခေတ် ထုဆစ်ထားသော ရုပ်ထုဖြစ်ပြီး ၊ လက်ယာဘက် ရုပ်ထု ရှေးဟောင်းရုပ်ထု ဖြစ်သည်။ ဒွါရပါလဆိုသည်မှာ တံခါးစောင့်ပင်ဖြစ်သည်။ ခန္ဓာကိုယ်ကို တြိဘင်္ဂပုံစံမျိုး မတ်တပ်ရပ်ထားပြီး လက်တွင် တုတ်တစ်ချောင်း ကိုင်၍ ထောက်ထားကာ ခါးကြိုးဒွါဒရာများကိုလည်း ခန္ဓာတစ်ခုလုံး၌ ဝတ်ဆင်ထားသည်ကိုတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

## အာနန္ဒစန္ဒြားကျောက်စာ

သျှစ်သောင်း ပုထိုးတော်ကြီး၏ တောင်ဘက်ကျောက်လှေကားမှ တက်သွားလျှင် လက်ဝဲဘက်တွင် အေဒီ ခုနှစ်ရာစုလောက်က ဝေသာလီပြည်ရှင် အာနန္ဒစန္ဒြားမင်းကြီး ရေးထိုးခဲ့သော ကျောက်စာတိုင်ကြီးကို တွေ့ရသည်။ ဤကျောက်စာကို ဘုရင်မင်းဗာကြီးသည် မြောက်ဦးမှ (၆)မိုင်ခန့် အကွာ ဝေသာလီမြို့တော်ဟောင်းရှိ အာနန္ဒြေဒယျ ကျောင်း



အာနန္ဒစန္ဒြားမင်းကျောက်စာရုံ



တော်ရာမှ အေဒီ (၁၅၃၅)ခုတွင် ပြောင်းရွှေ့သယ်ယူလာခြင်း ဖြစ်သည်။ ကျောက်စာသည် မြေပြင်မှအမြင့် (၉)ပေ (၇)လက်မ မြင့်သည်။ လေးမျက်နှာဖြစ်ပြီး တစ်မျက်နှာလျှင် (၂)ပေ(၄)လက်မ ကျယ်သည်။ ကျောက်စာတိုင်၏ တောင်ဘက် မျက်နှာစာမှအပ သုံးဘက်တွင် အနည်းဆုံးနှစ် (၂၀၀) စီခန့်ခြား၍ ရေးထိုးထားသော စာများဖြစ်ကြောင်း သိရှိရသည်။


အာနန္ဒစန္ဒြားမင်းကြီးက အေဒီ (၄)ရာစု (၁၀)ရာစု အတွင်း မိမိနှင့် မိမိ မတိုင်မီက နန်းတက်အုပ်ချုပ်ခဲ့သည့် ဘိုးဘေးစဉ်ဆက်မင်းတို့၏ နန်းစံပုံ၊ အုပ်ချုပ်ပုံ၊ အလှူပြုပုံ စသည့်အကြောင်းအရာများကို သက္ကဋဘာသာဖြင့် ရေးထိုးမှတ်တမ်းတင် ထားခဲ့သည်။ ဤသို့ သက္ကဋဘာသာဖြင့် ရေးထိုးရာ၌ ဗြဟ္မီပွားများဖြစ်သော နာဂရီ အက္ခရာ၊ ရှေးပြေး ဘင်္ဂလီအက္ခရာ အမျိုးမျိုးဖြင့် ရေးထိုးခဲ့၍လည်းကောင်း၊ ကမ္ဘာပေါ်တွင် အလွန်ရှားပါးသော ကျောက်စာတိုင်ဖြစ်သည်ဟု သုတေသီ ပညာရှင်များက လက်ခံထားကြသည်။ မည်သည့် အက္ခရာကို အသုံးပြုထားသည် ဖြစ်စေကာမူ ရေးထိုးထားသည့် ဂါထာများမှာ သဒ္ဒါအနက်နှစ်ချက်စလုံး ပါဠိ(မာဂဓ) ဘာသာစကားများ ဖြစ်နေသည်မှာ ထင်ရှားလှသည်။

www.burmeseclassic.com

www.burmeseclassic.com




ရေးထိုးရာတွင် ဂါထာ (၄)မျိုးကို သုံးစွဲ၍ ရေးထိုးထားခြင်းကြောင့် စာပေအဆင့်အတန်း မြင့်မားကြောင်း သိရှိနိုင်သည့်အပြင် ဗုဒ္ဓဘာသာကို အခြေခံသော ယဉ်ကျေးမှုထွန်းကားကြောင်းလည်း သိရှိရသည်။ ဝေဟာရ အသုံးအနှုန်းလည်း အလွန်ကြွယ်ဝသည်။



လေ့လာတွေ့ရှိသမျှ အိန္ဒိယကျောက်စာများတွင် ရှေးဘိုးဘေးမင်းအဆက်ဆက်ကို ရေးထိုးလေ့ရှိသော်လည်း နန်းစံနှစ်များကို မတွေ့ရကြောင်း၊ နန်းစံနှစ်ပါကျောက်စာများအနက် အစောဆုံးကျောက်စာဖြစ်ကြောင်း၊ အက္ခရာသုတေသီဒေါက်တာ ဒီစီဆာကာက မှတ်ချက်ပြုထားသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုထွန်းကားကြောင်း ရေးထိုးမှုအဆင့်အတန်းမြင့်မားကြောင်းနှင့် ဝေါဟာရကြွယ်ဝကြောင်း၏ သက်သေအဖြစ် အောက်ပါမြန်မာကောက် နှုတ်ချက်အချို့ကို လေ့လာနိုင်သည်။





- ဒါနေ ကဏ္ဍာသမော ရာဇာ
  သတေ္တျနာပိ ယုစိဋ္ဌိရး၊
  ပြဒျုမ္နေဝ ရူပေဏတေဇသာ
  ဘာနုဝဒ္ဘုဝိ။


ဒါနေ = ပေးလှူခြင်း　ပြဒျုမ္နေဝ= ပြဒုမ္နကနတ်မင်း
ကဏ္ဍာ = ကရဏာမင်း　ရူပေဏ = ရုပ်အဆင်းအားဖြင့်
သာမော= တူညီသော　တေဇသာ= ဘုန်းတန်ခိုးအာနုဘော်အားဖြင့်
ရာဇာ = မင်း　အာနု = နေမင်း
အပိ = သော်လည်း လည်းကောင်း/ ဝဒ် = ကဲသို့နှင့်တူ၏
ယုစိဋ္ဌိရး = ယုစိသျှဋ္ဌိမင်း ဘူဝိ = ကမ္ဘာမြေကြီးပေါ်၌

"ထိုမင်းသည် အလှူပေးခြင်း၌ ကရဏာမင်းနှင့်တူ၏။ သစ္စာတရားကို စောင့်ထိန်းရာ၌လည်း ယုစိသျှဋ္ဌိမင်းနှင့်တူ၏။ ရုပ်အဆင်းအားဖြင့် ပြဒုမ္နကမ နတ်မင်းကဲသို့ပင် တင့်တယ်၏။ ဘုန်းတန်ခိုးအာနုဘော်ကြီးရာ၌ ကမ္ဘာမြေပေါ်တွင် နေမင်းကဲသို့ပင် ဖြစ်၏။"

www.burmeseclassic.com

www.burmeseclassic.com






ဒါနပါရမိတာ ဟိနာ မာ မေ ဘဝတု ဇန္တုပု၊
တသ္မာ ဥပသကေနာပိ သဝသတ္တ ဟိတေပိဏာ

ဒါနပါရမိတာ = ဒါနပါရမီ
ဥပသကေန = ဥပသကာ
ဟိနာ = ချို့တဲ့သည်
အပိ = ဖြစ်သော်လည်း
မာဘဝတု = မဖြစ်စေသတည်း
သဝသတ္တ = အားလုံးသောသတ္တဝါ
မေ = ကျွန်ုပ်၏
ဟိတေပိဏာ = အကျိုးစီးပွားကိုအလိုရှိသော
ဇန္တုပု = သတ္တဝါတို့၌
တသ္မာဒ် = ထို့ကြောင့်

"အကျွန်ုပ်၏ ဒါနပါရမီသည် သတ္တဝါတို့အပေါ်၌ မချို့တဲ့စေသတည်း ထို့ကြောင့် သတ္တဝါအားလုံး၏ အကျိုးစီးပွားကို အလိုရှိသည်ဖြစ်၍ ဗုဒ္ဓဘာသာဝင် ဥပသကာ တစ်ဦး ဖြစ်သော်လည်း"



ဤကျောက်စာတိုင်ကြီးသည် ရခိုင်တို့၏ သမိုင်းကြီး တစ်စောင်ဟုဆိုနိုင်သလို ဤကျောက်စာတိုင်မျိုးကမ္ဘာပေါ်တွင် အလွန်ရှားပါးသည့်အတွက် ရခိုင်သမိုင်းတွင် တန်ဘိုးမဖြတ် နိုင်သည့် ကျောက်စာတစ်ချပ် ဖြစ်သည်။ ယင်းအတွက်ကြောင့် ဗုဒ္ဓဘာသာကိုးကွယ်မှုမြစ်ဖျားခံရာ ကို ဖော်ညွှန်းလိုသည့်အတွက် ဘုရင်မင်းကြီးသည် ဝေသာလီမှ ပြောင်းရွှေ့ပြီး သျှစ်သောင်းပုထိုး တော်ကြီးတွင် စိုက်ထားခဲ့ဟန် တူသည်။



ရှစ်မြှောင့်ကျောက်တိုင်

တောင်ဘက်လှေကား အာနန္ဒစန္ဒြား ကျောက်စာတိုင်၏ ရှေ့တွင် (၉)ပေခန့် ရှည်သော ရှစ်မြှောင့်ကျောက်တိုင်တစ်ခုရှိပြီး ကျောက်စာတိုင်ထိပ် ကြာပန်းပွင့်များ ထုလုပ်ထားသည်ကို တွေ့ရသည်။ အဓိပ္ပါယ် မှာ မြင့်မြတ်တောက်ပခဲ့ကြသော ရခိုင်ဘုရင်များ၏ ဖြောင့် မတ်သည့် အာဏာစက်တို့သည် အရပ်ရှစ်မျက်နှာသို့တိုင်အောင် ဖြန့်ကျက်မှုရှိခဲ့ကြောင်း ရည်ညွှန်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှစ်မြှောင့်ကျောက်တိုင် ထိပ်တွင်လည်းကောင်း၊ အာနန္ဒစန္ဒြား ကျောက်စာထိပ်တွင် လည်းကောင်း အုပ်ဆောင်းဝပ်သာအောင် လေးထောင့် စတုရန်းပုံ ထုထားသည်။ မူလက ဤကျောက်တိုင်များအပေါ်၌ ကျောက်ချပ်ကြီးတစ်ခုကို အပေါ်မှ စွပ်ခဲ့ပြီး ပုထိုးတော်ကြီး၏ တံခါးအဖြစ် အသုံးပြုခဲ့ကြမည်ဟု သုတေသီတို့က ယူဆခဲ့ကြသည်။

ကျောက်စာတိုင်အနီးတွင် မြေခနေသော ကျောက်ချပ်ကြီးတစ်ချပ်ရှိသည်။ ကျောက်ချပ်ကြီးပေါ်တွင် လက်ျာရစ်ခရုသင်းပုံနှင့် ထိပ်မှာကြာပွင့်တစ်ပွင့်ထိုးတက်နေပြီး ကြာပွင့်၏ အဖျားသည် ဓမ္မစကြာစက်ဝိုင်းကို ထိနေပုံကိုတွေ့ရသည်။ အဓိပ္ပါယ်မှာ ဗြဟ္မာဏအယူကို ကိုယ်စားပြုသော ခရုသင်းမှ ဗုဒ္ဓဝါဒကို ကိုယ်စားပြုသည့် ကြာပွင့်တစ်ပွင့် ထိုးထွက်လာပြီး ဓမ္မစကြာတရားတော် ပေါ်ပေါက်လာဟန်ဖြစ်သည်။ ရှေးရခိုင်လူမျိုးတို့၏ ဗုဒ္ဓဘာသာထွန်းကားသည့် ယဉ်ကျေးမှု သင်္ကေတတစ်ခုဖြစ်သည်။

## နေထွက်ဘုရား နှင့် နေဝင်ဘုရား



နေဝင်ဘုရား



နေထွက်ဘုရား

သျှစ်သောင်းဘုရားကုန်းမြေ ဒုတိယအဆင့် တောင်ဘက်မျက်နှာစာ၌ နေထွက်ဘုရားနှင့် နေဝင်ဘုရားဟု ခေါ်သော ကျောက်ပုထိုးငယ်နှစ်ဆူရှိသည်။ နေထွက်ဘုရား၏ ဂူပေါက်သည်အရှေ့ဘက်တွင်ရှိပြီး နေဝင်ဘုရား၏ ဂူပေါက်သည် အနောက်ဘက်တွင်ရှိသည်။ အဓိပ္ပါယ်မှာ ဘုရားတည်ဒါယကာ ဘုရင်မင်းဗာကြီး၏ ဘုန်းတန်ခိုးအာဏာစက်သည် နေထွက်နေဝင်တစ်ရိုးကို ပိုင်စိုးခဲ့ကြောင်းဖော်ညွှန်းလိုသည့်အတွက်တည်ခဲ့ကြောင်းသိရှိရသည်။ ၄င်းပုထိုးနှစ်ဆူပတ်လည်တွင် ကျောက်စေတီငယ် (၈)လုံးရှိကြောင်းတွေ့ရပြီး (၄)လုံးမှ ပြိုကျပျက်စီးလျက်ရှိပြီး ကုန်းမို့အဖြစ်သာ တွေ့ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## သျှင်ငယ်ဆရာ ဦးမြဝါ



သျှစ်သောင်းဘုရားကုန်းမြေ၏ပထမအဆင့်တွင် အာရုံခံသိမ်တော်ရှိသည်။ ၎င်းသိမ်တော်ကို တက်လျှင်တက်ချင်း သျှင်မြဝါရုပ်ထုကို တွေ့ရသည်။

အသျှင်ဦးမြဝါသည် ယောဂီရသေ့ တစ်ဦးဖြစ်ပြီး ရခိုင်သမိုင်းတွင် ထင်ရှားသည့် မင်းမျိုးမင်းနွယ်မှ ဆင်းသက်လာသော ရခိုင်တိုင်းရင်းသား မျိုးချစ်အာဇာနည်ပုဂ္ဂိုလ် တစ်ဦးဖြစ်သည်။ သျှင်မြဝါမှာ တိုင်းပြည်အတွက် ကိုယ့်အသက်ကို စွန့်ခဲ့သော အာဇာနည်ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ အများပြည်သူတို့ သိသင့်သိထိုက် လေးစားအပ် လေးစားထိုက်သော ပုဂ္ဂိုလ်ထူး တစ်ဦးပင် ဖြစ်သည်။ သျှစ်သောင်းဘုရားတည်ရာတွင်



သျှင်မြဝါသည် အဓိကကဏ္ဍများကို ညွှန်ပြစီစဉ်ခဲ့သော ဘုရင်မင်းဗာကြီး၏ ဆရာလည်း ဖြစ်သည်။ ငယ်စဉ်အခါက မြောက်ဦးမြို့ တောင်ညိုကျောင်းတိုက် ဆရာတော် (အဂ္ဂစိန္တေယျ)ထံတွင် ဆေးဝါး၊ မန္တန်၊ ဓါတ်ပြောင်း၊ ဓါတ်လွဲပညာကို လည်းကောင်း၊ မိဂဒါဝုန်တောရှိ ဆရာဗိဿနိုးထံတွင် ဂန္ဓာရီ ပညာများကို သင်ယူတတ်ကျွမ်းခဲ့ပြီး ဒုတိယမြောက်ဦးခေတ်ကို စည်ပင်တိုးတက်စေကာ ရခိုင်ပြည်ရှိ ဗုဒ္ဓသာသနာအား ရောင်ဝါနေသို့ ထွန်းလင်းစေရန် ကြိုးပမ်းခဲ့သည့် ပုဂ္ဂိုလ်တစ်ပါး ဖြစ်သည်။

ဆရာကြီးသျှင်ဦးမြဝါကို "လူလည်းမမည်၊ ရှင်လည်းမဟုတ်၊ ဦးထုပ်သရပတ်၊ ထောက်ကျာစွတ်၍၊ ကိုယ်ဝတ်သင်းပိုင်၊ ပုတီးကိုင်လျှက်၊ မီးခိုင်ညာဘေ၊ ပညာအစွမ်း၊ လွှမ်းထက်လွှမ်း၍၊ ရဟန်းအသွင်၊ ကြည့်ပြန်လျှင်ကား၊ ဖားရားဆံကျစ်၊ ညာရစ်ထိပ်တွင် ၊ လည်တွင်ပုတီး၊ မုဆိပ်ဇရမ်း၊ သွယ်ပြွန်းပြွန်းနှင့် ၊ တခန်းတဖုံမြင်ရတုံချင့်၊ ခြေဖုံစီးထား၊ ဖိနပ်ချုပ်တရပ်၊ အထပ်ခုနှစ်လွှာ၊ ပိုးပြာပိုးမဲ၊ ခြည်စနွဲဖြင့် ၊ ရစ်ခြံသုံးခေါက်၊ ဝတ်ဘုံမြောက်ဝှမ်း၊ ကိုယ်ယောက်ပုဆိုး၊ သက်နန်းမျိုးကား၊ နက်ပြာတိမ်ရောင်၊ ခွဲဆောင်ဖန်ရှည်လွှမ်းလျှက်ပေသည်၊ မထေမြတ်လုတာပတကား၊ နန်း[illegible] အလယ် ၊ ဖွားသတည်း" ဆိုပြီး ရခိုင်ရှေးဟောင်း နန်းတွင်း

www.burmeseclassic.com

www.burmeseclassic.com



လက်ာမှာ ဖော်ပြထားသည်ကိုတွေ့ရသည်။

သျှင်မြဝါသည် နန်းတွင်းပညာရှိ မဟာပညာကျော်၊ အဂ္ဂစိန္တေယျ ဆရာတော်တို့နှင့် ညှိနှိုင်း၍ ရှေးဟောင်း ဓမ္မသတ် ကျမ်းများကိုမှီငြမ်းပြီး ရွှေမျဉ်း ဓမ္မသတ်ကျမ်းကြီးကို ပြုစုခဲ့သည်။ မိမိကိုယ်တိုင်လည်း နမ္တာခေါ် ယတ္တရာ ကျမ်းကြီးကို ပြုစုခဲ့သည်။ ဤကျမ်းသည် အလွန်ခက်ခဲနက်နဲသောကျမ်း တစ်စောင်ဖြစ်သည်။



သျှင်မြဝါသည် မြောက်ဦး မြို့တော်ကို နှစ်ပေါင်းတစ်ထောင်ကျော် အဓွန့်ရှည်တည်တံ့စေရန် မိမိ၏ခန္ဓာကိုယ်မှ အူကိုနုတ်လျှက် နန်းတိုင်တွင် ရစ်ပတ်စေပြီး တိုင်းပြည်အတွက် အသက်စွန့်ကာ သက္ကရာဇ် ၈၉၉ အေဒီ (၁၅၃၇)ခု သက်တော် (၄၅) နှစ်တွင် ကွယ်လွန်တော်မူခဲ့သည်။ ဘုရင်မင်းဗာကြီးသည် မျိုးချစ်၊ ပြည်ချစ် အာဇာနည်ပုဂ္ဂိုလ်ဖြစ်သည့် သျှင်မြဝါအား



ရည်စူး၍တည်ထား ကိုးကွယ်ခဲ့သော စေတီတော်ကို ယနေ့ထိတိုင် ဖူးမျှော်တွေ့မြင်နိုင်ပါသည်။

## ဘုရင်မင်းဗာကြီး

သျှစ်သောင်းပုထိုးတော်ကြီး အာရုံခံသိမ်ငယ်၏ အရှေ့မျက်နှာစာတွင် ဒါယကာဘုရင်မင်းဗာကြီး၏ ကျောက်ရုပ်ထုတစ်ခုကို တွေ့ရသည်။ ဘုရင်မင်းဗာ ကြီးသည် ငယ်စဉ်က ဖွားဘက်တော် သျှင်မြဝါ (မောင်မြဝါ)၊ မဟာပညာကျော် (မြတ်သာထွန်း)တို့နှင့် တောင်ညိုတိုက်ဆရာတော် အဂ္ဂစိန္တေယျ ထံတွင် ပညာသင်ကြားခဲ့သည်။ အိန္ဒိယပြည် ဗာရာဏသီတက္ကသိုလ်တွင် စစ်ရေးစစ်ရာ လောကီပညာများကို သင်ယူပြီး (အေဒီ ၁၅၃၀- ၁၅၅၁)တွင်



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဦးထီးနန်းကို စိုးစံခဲ့သည်။

မင်းဗာကြီးသည် သီရိသူရိယ စန္ဒမဟာဓမ္မရာဇာဘွဲ့ကို ခံယူကာ သျှစ်သောင်းပုထိုးတော်ကြီးအပြင် အထောင်မကသော ဘုရား၊ ပုထိုး၊ စေတီများကို လှူဒါန်းခဲ့သည်။ မင်းတကာတို့ မစွမ်းဆောင်နိုင်သော ကျုံးမြောင်း၊ ပြအိုး၊ မြို့ရိုး၊ တံတိုင်း၊ ထီးနန်း စသည်တို့ကို တည်ထားခဲ့ခြင်းကြောင့် **"စောမွန်ပြင်ပြု မင်းဗာတည်မြို့မြောက်ဦး"** ဟု စာဆို ရှိခဲ့သည်။



မင်းဗာကြီးသည် သစ္စာ၊ သမာဓိနှင့် ပြည့်စုံသော ဘုရင်တစ်ပါးဖြစ်ကြောင်း သမိုင်းက သက်သေခံနေသည်။ ဒေဝီမဟေသီဘွဲ့ခံ မိဖုရားခေါင်ကြီးဖြစ်သော "ဖွားမင်းစော" နှင့်သာသစ္စာမပျက်နန်းတက်၍ ရာဇဘုရင်ဣန္ဒြေရှင် အဖြစ် နေတော်မူခဲ့သည်။ ဘင်္ဂါ(၁၂)မြို့ကို သိမ်းယူပြီး သူရတန်မင်း၏



သမီးတော် (ပန်ဆီဒါလ်) ပဲသီတာကို ဆက်သခြင်း ခံရသော်လည်း လူမျိုးခြားမင်းသမီးဖြစ်၍လည်းကောင်း၊ မိမိ၏ ကိုယ်ကျင့်သိက္ခာကို စောင့်စည်းခြင်းကြောင့်လည်းကောင်း၊ မြောက်ဦးမြို့တော်အတွင်းသို့ ယူဆောင်ခြင်းမပြုဘဲ ပဲကြီးနန်း (ယခုပုဏ္ဏားကျွန်းနယ်)တွင် ထားခဲ့ခြင်းမှာ ဘုရင်ကြီးအား ပိုမိုလေး စားကြည်ညိုဖွယ်ကောင်းပေသည်။ ဘုရင်ကြီးသည် နူးညံ့သိမ်မွေ့သော စိတ်နေသဘောထားရှိမှု၊ တည်ကြည်လေးနက်မှု တို့ရှိပြီး သစ္စာတရား၊ သီလ၊ သမာဓိတရားစသော မင်းကျင့်တရား (၁၀)ပါးနှင့်အညီ နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ခြင်းကို သိရှိစေရန်အတွက် မိမိ၏ပုံတော်ကို သျှစ်သောင်းပုထိုးတော်ကြီး၏ အပြင်ဘက်တွင် ရခိုင်ဘုရင်တို့၏ ဝတ်စားဆင်ယင်မှု အပြည့်ဖြင့် စတုပါပုံစံ ထုလုပ်ထားခြင်းဖြစ်ပေမည်။

## နရဓိပတိ အမိန့်တော်ပြန်တမ်းကျောက်စာ

ဘုရင်မင်းဗာကြီး ကျောက်ရုပ်ထု၏ အနီးတွင် မင်းတရားပြင်ကျေးရွာအနီး ပုဏ္ဏားအိမ်ရာမှ ပြောင်းရွှေ့ယူဆောင်လာသော ဘုရင်ရုပ်ထုပါရှိသည့် ကျောက်စာ တစ်ချပ်ရှိသည်။ မြောက်ဦးမြို့ အရှေ့ဘက် ပုဏ္ဏားအိမ်ရာကုန်းတော်မှ

www.burmeseclassic.com

www.burmeseclassic.com



စတင်တွေ့ရှိသည်။ ကျောက်စာ၏ ထူးခြားချက်မှာ ကျောက်စာအပေါ်ပိုင်းတွင် ဘုရင်သည် သီဟာသနပလ္လင်ပေါ်မှ အမိန့်ပေးနေဟန် ထွင်းထုထားပြီး အောက်ပိုင်းတွင် အမိန့်တော်ပြန်တမ်းကိုရေးထိုးထားသည်။



ကျောက်စာအကြောင်းအရာမှာ ဘုရင်သည် ပုဏ္ဏား မဏိခောက်၏ ဗေဒင်အလိုအတိုင်း မင်းဖြစ်လာသည်။ ထို့ကြောင့် ပုဏ္ဏားမဏိခောက်တို့ သားစဉ် မြေးဆက်စားနိုင်ရန် လယ်ယာမြေ အပိုင်စားပေးသည်။ ဤရာဇသံကို ဘုရင်ကြီးထံမှ သယ်ဆောင်လာခြင်းနှင့် ပတ်သက်၍ ပုဏ္ဏားကြီးထံမှ မည်သည့်ငွေကြေးတစိုး လက်ဆောင်ကိုမျှ မတောင်းယူရဟု ရေးသားထားသော အမိန့်တော်ပြန်တမ်းကျောက်စာ တစ်ချပ်ဖြစ်သည်။

--------- XXXXXXXX ---------



## ကျောက်စာမူရင်း

၁။ သကြစ် ၉၅၅ တဗိုင်တွဲလဆန်ငါ
၂။ ရက် ၄ နိနရာဓိပတိ ရွှေနန်းသျှင်မိန်တော
၃။ မုသော ဝါဆိုဝ်လတွင် အလိုဝ်တော်ပြည်မည်
၄။ ဟုဆိုဝ်သ်မှန်သောကြောင် ပုဏါမဏိခောက်
၅။ ကိုဝ်ကင်ပြင်ရွာတွင် ဟိန်ဒုသော ရောမောနော့အ
၆။ ဝင် ၅သျှည် ၃ပဝါလျှတော်ပြည်လဲကိုဝ် ဂသာစိုင်မြိဆက်
၇။ စာစိဟု၍ ကံပဲတာသို ရှေတောခံငရှအာ ငရဲစက္က
၈။ နှစ်ယောက်အသံချသို ၊ သံကျသံပေါက်ထင်မြင်အ
၉။ တောင်အမှတ် မယုပိ၏

ကျောက်စာတွင် စာကြောင်းရေ (၉)ကြောင်း ပါရှိသည်။ သက္ကရာဇ် (၉၅၅) ဟုရေးသားထားပြီး ယနေ့အသုံးပြုနေသော အက္ခရာနှင့် ထပ်တူနီးပါးဖြစ်ပါသည်။ ထို့ကြောင့် ရခိုင်လူမျိုးတို့သည် လွန်ခဲ့သော နှစ်ပေါင်း(၄၀၀)ကျော်ကပင် ယခုအသုံးပြုနေသော အက္ခရာများကို အသုံးပြုခဲ့ကြကြောင်း သက်သေပြနေပေသည်။

--------- XXXXXXXX ---------

www.burmeseclassic.com

www.burmeseclassic.com



## ရာဇာဘိသေကမုဒ္ဒိ ဆင်းထုတော်

အာရုံခံသိမ်တော်မှ ဂန္ဓကုဋိတိုက်ရှိ ပထမမဏ္ဍိုင်တည်ရှိရာဘုရားကြီး၏ ဝင်လမ်းမုခ်ကို ရှေးခေတ်လက်ရာအတိုင်း ပြန်လည်ပြုပြင်ထားသည်ကို တွေ့ရှိရသည်။ အာရုံခံသိမ်တော်အတွင်းမှာဆိုလျှင် ကျောက်ဆင်းထုဗုဒ္ဓရုပ်ပွားတော်ကြီးငယ်များစွာနှင့်အတူ

BURMESE CLASSIC .com



ဝေသာလီခေတ် ရာဇာဘိသေကမုဒ္ဒိ ကျောက်ဆင်းထုတော်တစ်ဆူကို ဖူးတွေ့ရသည်။ ဆင်းထုတော်၏ ကိုယ်ပေါ်တွင် ဘုရင်များဝတ်ဆင်သည့် နန်းဝတ်၊ နန်းစားများနှင့် ထုဆစ်ထားခြင်းမှာ ရှေးရခိုင်ဘုရင်မင်းမြတ်တို့သည် ရာဇာဘိသိက် ခံယူလိုသောအခါ ထိုမင်း၏ဝတ်စားဆင်ယင်မှု မင်းဝတ်တန်ဆာအပြည့်အစုံဖြင့် ဘုရားတစ်ဆူကို ဦးစွာသွန်းလုပ်ရသည်။ နက္ခတ် ၊ ဗေဒင်ကျမ်းများအလိုအရ ရက်ကောင်း၊ ရက်မြတ်



ရွေးပြီး ဘိသိတ်အခမ်းအနားတွင် ပူဇော်ခံရသည်။ ထို့အပြင် သာသနာပိုင် ဆရာတော်ကြီးများ၏ ရှေ့မှောက်တွင် ထိုဘုရားကို ဘုရင်မင်း၏ ဦးထိပ်ပေါ်တင်ပြီးမင်းကျင့်တရား ဆယ်ပါးနှင့်အညီ တိုင်းပြည်ကို



အုပ်ချုပ်ပါမည်၊ ဗုဒ္ဓသာသနာတော်ကို ချီးမြှင့်ပါမည်ဟု ကတိပြုကျမ်း သစ္စာကျိန်ဆိုကြရသည်။ ရှေးဘုရင် မင်းမြတ်တို့သည် ဘိသိက်မခံမီ မိမိဝတ်စုံကို ဘာသာရေးအပေါ် ယုံကြည်ချက်ဖြင့် ပထမဆုံးဘုရားတွင် လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ ဘိသိဏ်ခံယူသောအခါတွင်လည်း မင်းဝတ်တန်ဆာများဖြင့် ထုဆစ်ထားသော ဘုရား ဆင်းထုတော်ကို ဦးတိုက်ပြီးလျှင် မင်းကျင့်တရား (၁၀)ပါးနှင့် အညီ တိုင်းပြည်ကို အုပ်ချုပ်ပါမည်ဟု ကတိသစ္စာပြု ဆိုခဲ့တည်ကြသည်။ ဤဆင်းထုတော်အား ဖူးတွေ့ခြင်းအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဝေသာလီခေတ်(အေဒီ-၃၂၇-၈၁၈)ရခိုင်တို့၏ ကျောက်ဆစ်ဗိသုကာ ပညာကိုလေ့လာခန့်မှန်းနိုင်ပါသည်။ဤဆင်းထုတော်ကို(၁၉၈၇)ခုနှစ် မေလတွင် ငွေတောင်ခံတပ်အနီးမှ ပင့်ဆောင်ပြီး အံ့တော်သိမ်အရံစေတီ ငယ်တစ်ဆူတွင် ကိန်းဝပ်စေခဲ့သည်။ (၁၉၉၂)ခု မေလတွင် သျှစ်သောင်း ဘုရားသိမ်တော်အတွင်းသို့ ပြန်လည်ပင့်ဆောင်ခဲ့သော ဆင်းထုတော်ဖြစ်ကြောင်း သိရှိရသည်။

## သီရိပါဒခြေတော်ရာ

အတွင်းလိုဏ်ပတ်လမ်း၏ အတွင်းပိုင်း တတိယလိုဏ်ထပ်အဆုံးနှင့် ဒုတိယ လိုဏ်ထပ်ဝင်ဝအနီးတွင် ဗုဒ္ဓခြေတော်ရာတစ်ဆူကို ဖူးတွေ့နိုင်သည်။ ခြေတော်ရာကို ဘုရားဒါယိကာဘုရင်မင်းဗာကြီးက ဗုဒ္ဓဂါယာမှ ပြောင်းရွှေ့ပင့်ဆောင်လာခဲ့ကြောင်း သိရှိရသည်။ လိုဏ်ဂူတော်၏ ဝင်ပေါက်တိုင်းတွင်လည်း တံခါးဆုံလည်များ





တပ်ထားခဲ့သော သံကွင်းကြီးများကို ကျောက်နံရံတဖက်တချက်စီ၌တပ်ဆင်လျှက် ယနေ့တိုင်တွေ့မြင်နိုင်သည်။

## ပြည်စိုးကြီးဘုရား

ဒုတိယလိုဏ်ပတ်လမ်းသည် ဂန္ဓကုဋီတိုက်ကို စတုရန်းကျကျ ပတ်ထားသော လိုဏ်ထပ်ဖြစ်ပြီး လိုဏ်ပတ်လမ်းတွင် ဗုဒ္ဓဘုရားရှင်၏ သမ္မုဒ္ဓေဂါထာတော်ကိုရည်ညွှန်း၍ တည်ထားသော ဗုဒ္ဓဆင်းထုတော် (၂၈) ဆူရှိသည်။

လိုဏ်ပတ်လမ်း၏ အဆုံး ရင်ပြင်ငယ်တွင် ပြည်စိုးကြီး ဘုရားဆင်းထုတော်ကို ဖူးတွေ့ရသည်။ ဆင်းထုတော်တွင် ပြည်စိုးကြီး (ခေါ်) အမတ်ချုပ်ကြီး၏ဘောင်းတော်ကို ဆင်မြန်းထားသော ဆင်းထုတော် ဖြစ်သည်။ဤဆင်းထုတော်ကို နန်းတော်ကြီး၏ မြောက်ဘက် ပြည်စိုးကြီးဘုရား ကုန်းပေါ်မှ ပင့်ဆောင်ထား ကြောင်း သိရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com



## တတိယလိုဏ်ပတ်လမ်း

ဒုတိယလိုဏ်ထပ်ကိုပတ်ထားသော ဤတတိယလိုဏ်ပတ်လမ်းတွင် ဥာဏ်တော်(၄)ပေခန့်အမြင့်ရှိသည့် ကျောက်ဆင်းထုငယ် (၄၅) ဆူရှိသည်။ ဆင်းထုတော်များကို ကျောက်တစ်လုံးတည်းဖြင့် ထုဆစ်ထားပြီး တစ်ပေခန့်မြင့်သည့် ကျောက်ပလ္လင်ခုံပေါ်တွင် တွေ့ရှိရသည်။ နံရံ၏ အခြားတဖက်တွင်မုခ်ပေါက်ငယ် (၂၂၅)ပေါက်ရှိပြီး မုခ်ပေါက်ရှိပြီး မုခ်ပေါက်ငယ်တိုင်းတွင် ကျောက်ဆင်းထုငယ် တစ်ဆူစီ ထည့်သွင်းကိုးကွယ်ထားသည်ကို တွေ့မြင်နိုင်သည်။

လိုဏ်ပတ်လမ်း၏ ပေါင်းမိုးများကို သပ်စီပေါင်းကူး စနစ်ဖြင့် ဆောက်လုပ်ထားပြီး အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်စေရန် အပေါက်ငယ်များ ပြုလုပ်ထားသည်။



ဤသို့ပြုလုပ်ထားခြင်းဖြင့် လိုဏ်ပတ်လမ်းအတွင်း ပဲ့တင်သံကင်းမဲ့နေခြင်းမှာ မြောက်ဦးခေတ် ဗိသုကာ ပညာရှင်များ၏ စွမ်းဆောင်နိုင်သော ပညာတစ်ရပ်ပင် ဖြစ်ပါသည်။



## စတုတ္ထလိုဏ်ပတ်လမ်း

ပုထိုးတော်ကြီး၏ တတိယလိုဏ်ထပ်ကို ပတ်ထားသော စတုတ္ထထပ်၏နံရံများတွင် အဆင့်လေးဆင့်ခွဲ၍ ကျောက်ဆစ်လက်ရာများ အပြည့်ထုလုပ်ထားသည်။ ပထမအဆင့်တွင် တစ်ရာ့တစ်ပါးသောမင်းများ၊ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းများက ကြာဖူးများကိုင်ပြီး ပုထိုးတော်ကြီးကို ပူဇော်နေဟန် ရုပ်ထုပေါင်း (၁၂၉)ရုပ်ခန့်ရှိပါသည်။ တောင်ဘက်နံရံအလယ်တန်းတွင် ဘုရားရှင်၏



စတုတ္ထလိုဏ်ပတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော်စဉ်(၅၅၀) နိပါတ်တော်ထဲမှ ဥပစ္စေဒက ကံဖြင့် မသေဘဲ သန့်စင်သည့် ဘဝပေါင်း(၁၃၆)ဘဝသရုပ်ဖော်ထားသည့် ပုံကိုလည်းကောင်း၊အနောက်ဘက်၊ မြောက်ဘက်၊ အရှေ့ဘက်တို့တွင် နိပါတ်တော်လာထဲမှ ဖြစ်စဉ်များ၊ ပူရမ်ကျမ်း၊ သေနင်္ဂဗျူဟာကျမ်း၊ ကမန္တတိကျမ်း၊ ယသဝတ္တုကျမ်းမှ ဖြစ်စဉ်များကိုလည်းကောင်း ဓါတ်တော်ကြီးဆယ်ဘွဲ့ထဲမှ ဇာတ်တော်များကိုလည်းကောင်း ရုပ်လုံးရုပ်ကြွများဖြင့် ထုဆစ်ထားပါသည်။

ဗုဒ္ဓစာပေနှင့် ဆိုင်ရာအခန်းများ စာပေပုံဝတ္ထုဆိုင်ရာအခန်းများနှင့်ဟိန္ဒူ အယူဝါဒဆိုင်ရာ ဗိသနိုး၊ ဂန္ဓဲ(ချ်)၊ မဟာဗြဟ္မာ၊ဂုမ္ဘာန်၊ ယက္ခစသည့် ရုပ်ထုများကို တွေ့နိုင်သည်။ ကုန်းသတ္တဝါ၊ ရေသတ္တဝါများဖြစ်ကြသော သမင်၊ ဒရယ်၊ချေ



စည်တော်တီးဟန် သိုင်းကစားဟန်



ငယ်၊ စိုင်ဆတ်၊ ဖွတ်၊ ပဒတ်လိပ်၊ ဥဒေါင်း၊ ကြိုးကြာ၊ ကိန္နရာနှင့်နဂါး၊ ဂဠုန်၊ ဗျလ်အစရှိသည့် ရုပ်ထုများကိုလည်း တွေ့ရသည်။

၄င်းအပြင် ရခိုင်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုကို ဖော်ညွှန်းထားသော ရခိုင်တူရိယာတီးမှုတ်နေဟန်၊ စည်တော်တီးဟန်၊ တူရိယာငါးပါးတီးဟန်၊ ဆီမီးခွက်အက ကဟန် ကျောက်ဆစ်ရုပ်ထုများကို တွေ့မြင်နိုင်သလို ရခိုင်အားကစားနည်းပညာများဖြစ်သည့် ကျင်ကိုင်ဟန်၊ လက်ဝှေ့သတ်ဟန်၊ ဒုတ်သိုင်း၊ ဓါးသိုင်းကစားနေဟန် စသည့်ရုပ်ကြွပေါင်း(၁၀၀၀)ကျော်ကို ထွင်းထုထားသည်။ ရုပ်ကြွများထားရှိသည့် နံရံဖောင်း အဆင့်သုံးဆင့်တွင် ဆီမီးပူဇော်နိုင်ရန်အတွက် ကျောက်ဆီမီးခွက်ငယ်ပေါင်း(၁၁၀၄)ခု ကိုထွင်းထုထားပြီး အခါကြီး ရက်ကြီးများတွင် ယနေ့ထိတိုင် ဆီမီးပူဇော်လျှက်ရှိကြောင်းတွေ့ရပါသည်။ စင်္ကြန်လမ်းတစ်လျှောက်မှာလည်း ဝသုန္ဒရီ၊ ဝသုန္ဒရာ စသည့် ရုပ်ထုများကို သမုတ်သိမ်တိုင်များအဖြစ် စိုက်ထူထားသည်ကို တွေ့ရသည်။



ဆင်များကိုလေ့ကျင့်ပုံ ပုဝါအက ပုဝါအက ဒုတ်သိုင်းကစားဟန်

www.burmeseclassic.com

www.burmeseclassic.com



## စတုတ္ထလိုဏ်ပတ်လမ်းရှိ ထူးဆန်းသောရုပ်ထုများ

*"ဘေးရန်မရှိ အေးချမ်းဘိသော မုနိမြတ်လောင်း ဖြစ်တော်ပေါင်း"

ပုထိုးတော်ကြီး စတုတ္ထလိုဏ်ပတ်လမ်း တောင်ဘက် ခြမ်းနံရံပေါ်ရှိရုပ်ထုများတွင် သုမေဓာရှင်ရသေ့ဘဝမှအစပြု၍ ဒီပင်္ကရာ မြတ်စွာဘုရားထံတွင်ဘုရားဆုကို ပန်တော်မူပြီး နောက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီဖြည့်၍ ဘဝသံသရာ၌ကျင်လည်ခဲ့သည်။ ဤသို့ကျင်လည်စဉ် (၁၃၆) ဘဝသည်



ဘေးအန္တရာယ် မရှိ၊ ပကတိ အေးချမ်းစွာ ရှိခဲ့သည်ကို ရှေးရခိုင် ပညာရှင်တို့က ဘုရားရှိခိုး မန္တာန် စီရင်၍ ပူဇော်ခဲ့ကြသည်။ ၎င်းမန္တာန်ဘုရားရှိခိုးမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

* သချာဆရာတစ်ဦး ၊ ထူးဆန်းသောအင်းကွက်၊ မြောက်ဦးမဂ္ဂင်း အမှတ်(၁)



"ဩကာသ၊ ဩကာသ၊ ဩကာသ ဗုဒ္ဓကုံရ၊ ကောင်းမြတ်လှသည့်၊အစ ကြိုးကြာ၊ ဆယ့်ခြောက်ခါနှင့်၊ ဟင်္သာကိုးဖြစ်၊ ခြောက်ဖြစ်ကားခို၊ ကျီးညိုသုံးခါ၊ သံသာကျူးထိပ်၊ ကရဝိတ်ငါး၊ လေးကား ကိန္နရီ၊ စာမရီဆယ့်ငါး၊ မျောက်ကားတစ်ဆယ်၊ ဆင်ဝယ်ဆယ့်တစ်၊ နွားဖြစ်ဆယ့်လေး၊ ဧကေသိန္ဓဝ၊ ကျွဲအဌနှင့် သံမြသာညောင်း၊ ဥဒေါင်းနှစ်ခါ၊



သာလိကာသတ္တ၊ ဒွါဒသကြက်၊ ဝက်တစ်ဆယ့်သုံး၊ ပေါင်းရုံးများစွာ တရာသုံးဆယ်၊ ခြောက်ဖြစ်ဝယ်ကို အန္တရာယ်မရှိ၊ ဘေးမရှိသည်၊ မုနိမြတ်လောင်း ၊ ဖြစ်တော်ပေါင်းဟု အောက်မေ့သဒ္ဓါ၊ ကြည်ညိုစွာဖြင့် ၊ ခါခါမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား"။

ဤမန္တာန်မှာ ရခိုင်ဝိဇ္ဇာမိုရ်ပညာရှင် သျှင်ဦးမြ ရွတ်ဆိုသော မန္တာန် ဖြစ်ကြောင်းသိရှိရပြီး ရွတ်ဆိုသူများအား

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ |
| ၂ | ၇ | ၁၂ | ၁၃ |

ငင်းဝိဇ္ဇာက စောင့်ရှောက်တတ်သည်ဟု ရခိုင်လူမျိုးတို့က ယုံကြည်ကြသည်။ (၁၃၆)ဟူသော ကိန်းဂဏန်းနှင့် (၃၄) ဟူသော ကိန်းဂဏန်းတို့သည် (၃)နှင့်စား၍မပြတ်၊ (၇)နှင့် စား၍မပြတ်၊ (၉)နှင့်စား၍ လည်းမပြတ်သဖြင့် တြင်းလွတ်၊ သတ္တလွတ်၊ နဝင်းလွတ်သည့် ဂဏန်းများ ဖြစ်သည်။ ငင်း ကိန်းများသည် စကြာဝဠာကြီးတစ်ခုလုံးကို ဘေးရန်ကင်းစေ လိုသည့် "ရန်အောင်ဇေယျ" ကိန်းအဖြစ် သိရှိရပြီး လောကီ ပညာရပ်တွင် "ရန်ကင်းစတုရန်းအင်းကွက်" အဖြစ်တွေ့ရှိ ရသည်။ဖော်ပြပါစတုရန်းအင်းကို လေ့လာကြည့်ပါက အောက်ပါ ဂုဏ်သတ္တိ (၅)ခုကို ရရှိကြောင်းတွေ့ရှိရသည်။

(၁) ဒေါင်လိုက်ဂဏန်း (၄)လုံးပေါင်းလဒ်=၃၄

(၂) အလျားလိုက်ဂဏန်း (၄)လုံးပေါင်းလဒ်=၃၄



(၃) ထောင့်ဖြတ်အလိုက် ဂဏန်း (၄)လုံး ပေါင်းလဒ်=၃၄

(၄) လေးကွက်ပတ်လည်လေးစိတ် စိတ်လျှင်တစ်စိတ်တွင်ရှိ ဂဏန်း (၄)လုံးပေါင်းလဒ်=၃၄

(၅) အလယ်ပတ်လည်လေးကွက်အတွင်းရှိဂဏန်း(၄)လုံး ပေါင်းလဒ်=၃၄

မည်သို့ပင်ပေါင်းစေကာမူ (၃၄) ဂဏန်းရရှိကြောင်း အံ့ဩဖွယ် စတုရန်းအင်းကွက်အဖြစ်တွေ့ရှိရသည်။

အချုပ်အားဖြင့်ဆိုရသော် ဖြစ်တော်ပေါင်း ရုပ်ထု တို့သည် ဘုရင်မင်းဗာကြီးနှင့်တကွ မဟာပညာကျော်၊ သျှင်မြဝါ အစရှိသော ရခိုင်ပညာရှိကြီးများ၏ မြင့်မြတ်သော စိတ်စေတနာနှင့်တကွ ထက်မြက်သောပညာရပ်များကို အကျိုး ရှိစွာ အသုံးချတတ်ကြောင်း၊ ပုထိုးတော်ကြီးကို ဉာဏ်အမြော် အမြင်ကြီးမားစွာဖြင့် တည်ဆောက်ထားခဲ့ကြကြောင်း သက်သေထူလျက်ရှိလေသည်။

--------- XXXXXXXX ---------

www.burmeseclassic.com

www.burmeseclassic.com

## ရခိုင် ဗျာလ်

သျှစ်သောင်းပုထိုးတော်ကြီး၏ စတုတ္ထအပြင် လိုဏ်ပတ်လမ်းတွင် ဗျာလ်ပုံစံအမျိုးမျိုးကိုတွေ့ရသည်။ သတ္တဝါ (၉) မျိုးတို့၏ အင်္ဂါအစိတ်အပိုင်းပါဝင်သောကြောင့် "နဝရူပ" ဟုလည်း ခေါ်သည်။ ဗျာလ်ဆိုသည်မှာ စာပေ ကျမ်းဂန် အရပ်ရပ်တို့ကို တတ်ကျွမ်းသော ရှေးပညာရှိတို့က ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော သတ္တဝါကိုးမျိုးတို့၏



စတုတ္ထလိုဏ်ပတ် တောင်ဘက်မှ
ဗျာလ်လရုပ်ထု



အင်္ဂါအစိတ် အပိုင်းများဖြင့် စိတ်ကူးယဉ်သရုပ်ဖော်ထား သောရုပ်ထုဖြစ်သည်။ *"အဗျာလော လာဘော၊ ယဿတိ ဗျာလော" ယဿအကြင် သတ္တဝါကိုးမျိုးတို့၏ အစိတ်အပိုင်း ဖြင့် တန်ဆာဆင်အပ်သော သတ္တဝါအား အဗျာလော - ဘေးဥပါဒ်ကို မဖြစ်စေဘဲ၊ လာဘော - လာဘ်လာဘကို သာဖြစ်စေတတ်၏။ ဣတိ -ထို့ကြောင့်ဗျာလော "ဗျာလ" ဟု၍ ခေါ်တွင် ခြင်းဖြစ်သည်။

ပါဠိဘာသာဖြင့် အဓိပ္ပါယ်ဖွင့်ဆိုသော်

ဗျာလ် = ဝိ + အလံ

ဝိ = ဝိသေသန(အထူးအားဖြင့်)

အလံ = သမတ္ထ(စွမ်းဆောင်နိုင်သူ)

ဗျာလ် = ဝိ + အလံ= တန်ခိုးဖြင့်စွမ်းဆောင် နိုင်သည်ဟု အဓိပ္ပါယ်ရသည်။ ဗျာလ်ရုပ်သည် အမြဲပြုံးရွှင်၍ ဣသာမိစ္ဆရိယ ဒေါသမာန်မာနကင်းခြင်း၊ စေတနာသဒ္ဓါတရား ရှိခြင်း၊ မေတ္တာတရားထွန်းကားခြင်း စသည့် မင်္ဂလာတရား တို့နှင့်ပြည့်စုံပြီး လူ့ဘောင်လောက အေးငြိမ်းသာယာခြင်း စသော ငြိမ်းချမ်းရေးသရုပ်ကို ထုတ်ဖော်ပြသနေသည်ဟု ရှေးပညာရှိတို့က ယုံကြည်လက်ခံထားခဲ့ကြသည်။ ထို့ကြောင့်

* ရခိုင် ဗျာလ် ၊ တက်ထွန်းနီ(မြောက်ဦး)

www.burmeseclassic.com

www.burmeseclassic.com



ဗျာလ်ရုပ်ထုကို ဆောင်ထားသူအဖို့ လာဘ်ရွှင်၊ စီးပွားတက်၊ ဘေးအန္တရာယ်ကင်းရှင်းပြီး ငြိမ်းချမ်းသည့် အကျိုးကျေးဇူးတို့ ရရှိစေတတ်သည်။

ဗျာလ်တွင်ပါဝင်သော နဝရူပလက္ခဏာအင်္ဂါရုပ်များမှာ

| | |
|---|---|
| ၁။ ဆင်နှာမောင်း | ၂။ သမင်မျက်လုံး |
| ၃။ ကြံ့ချို | ၄။ ကြက်တူရွေးလျှာ |
| ၅။ ခြူးကိုယ် | ၆။ စာမရီအမြီး |
| ၇။ မြင်းနားရွက် | ၈။ ခြင်္သေ့လည်ဆံ |

၉။ ကျားစွယ် တို့ဖြစ်သည်။

(၁) **ဆင်နှာမောင်း**

ဆင်သည် ရတနာတစ်ပါးဖြစ်သည်။ ဆင်ဆယ်မျိုးတွင် ဥပေါသထဆင်နှင့် ဆဒ္ဒန်ဆင်မျိုးတို့သည် အမြတ်ဆုံးဖြစ်သည်။ တရော့ရှစ်ကွက် ဗုဒ္ဓစက်တွင်လည်း ဥပေါသထဆင်နှင့် ဆဒ္ဒါန်ဆင်နှစ်မျိုးလုံးပါဝင်နေသည်။ အလောင်းတော် သိဒ္ဓတ္ထမင်းသား ပဋိသန္ဓေယူတော်မူသောအခါတွင် မယ်တော်မာယာ၏ ဝမ်းကြာတိုက်သို့ ဆင်ဖြူတော်ဝင်ရောက်ကြောင်း အိပ်မက်မြင်တော်မူလေသည်။ သိကြားမင်းသည်ပင် ဧရာဝဏ်ဆင်ကိုစီးသည်။ ဆင်သည် ရာဟုဂြိုလ်မင်းနှင့် ဗုဒ္ဓဟူးဂြိုလ်မင်းတို့၏ စီးတော်ယာဉ်လည်းဖြစ်သည်။ ဘုရင်မင်းမြတ်တို့သည်





ဆင်ရုပ်ပါသော ပလ္လင်တော်ကို ဂဇာသနပလ္လင်တော်အဖြစ် အသုံးပြုကြသည်။

ဒီပင်္ကရာ၊ သုမေဓါ၊ သုမန၊ ဖုဿ၊ သခီ၊ ကောဏ္ဍာ၊ ဂါမန တည်းဟူသောဘုရားအလောင်းတော် ခြောက်ယောက်တို့သည် ဆင်ဖြူ ရတနာစီး၍ တောထွက်တော်မူခဲ့ကြသည်။ ဤသို့ဖြင့် မြင့်မြတ်သူတို့၏ အဆောင်အယောင် အသုံးအဆောင်ဖြစ်ခြင်း၊ ပင်ကိုယ် ပကတိအားဖြင့် အဖိုးတန်ရတနာတစ်ပါး ဖြစ်ခြင်းတို့ကြောင့် ဆင်တစ်ကိုယ်လုံးတွင် အသုံးအဝင်ဆုံးဖြစ်သော နှာမောင်းကိုသာ ဗျာလ်ရုပ်ထု၌ ထည့်သွင်းခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## (၂) သမင်မျက်လုံး

ကမ္ဘာပေါ်ရှိ သတ္တဝါအားလုံး၏မျက်လုံးတွင် သမင်မျက်လုံးသည် အတောက်ပဆုံးဖြစ်သည်။ သမင်သည် လေအဟုန်ကဲ့သို့ လျှင်မြန်စွာပြေးလွှားနိုင်သော လေနတ်သား၏ စီးတော်ယာဉ်လည်းဖြစ်သည်။ ကြည်လင်တောက်ပလျှက်ဝိုင်းစက်သော မျက်လုံးပိုင်ရှင်တို့မှာ ဘုရားအလောင်းတော်နှင့် သူတော်ကောင်း သူမြတ်လောင်းများသာဖြစ်ကြသည်။ တည်ကြည်စူးရှခြင်း၊ တောက်ပခြင်း၊ ဖေါက်ထွင်းသိမြင်နိုင်ခြင်း စသည့်ဂုဏ်ပုဒ်တို့နှင့် ပြည့်စုံသည်။ သမင်များသည် ရန်သူအပေါင်းတို့ကို မိုးကုတ်စက်ဝိုင်းအတွင်းမှ ထင်ရှားစွာမြင်နိုင်သည်။ မျက်လုံးကောင်းခြင်းကို ပမာပြုစာဖွဲ့ကြရာတွင် သမင်မျက်လုံးကိုသာ တင်စားလေ့ရှိသောကြောင့် ဗျာလ်ရုပ်ထုတွင် ထည့်သွင်းဖော်ပြခြင်းဖြစ်ပေသည်။

## (၃) ကြံ့ချို

ကြံ့သတ္တဝါ၌ ချိုကစ်ချောင်းသာရှိပါသည်။သို့သော် တစ်ချောင်းတည်းသော ထိုချိုဖြင့် ရန်သူဟူသမျှကို ကာကွယ်နိုင်စွမ်းရှိပါသည်။ ရန်သူနှင့်တွေ့လျှင် ရဲရင့်စာည်ကြည်သော စိတ်ဖြင့် တဟုန်ထိုးကော်ပစ်နိုင်စွမ်းရှိသည်။ ကျား၊ ဆင်၊ ခြင်္သေ့ သတ္တဝါကြီးများပင် ချိုတစ်ချောင်းတည်း ပါသော





ကြံ့ကို ကြောက်ရွံ့ကြသည်။ ရဲရင့်တည်ကြည်ခြင်း၊ သတ္တိရှိခြင်း၊ သတ္တဝါတို့ကို နှိပ်စက်ကလူမပြုခြင်း စသည့် ဂုဏ်ပုဒ်လက္ခဏာတို့ကြောင့် ရခိုင်လူမျိုးတို့က အလေးအမြတ်ထားကြသည်။ ကြံ့ချိုသည် တစ်ချောင်းတည်းသာ ရှိသကဲ့သို့ ပစ္စေကဗုဒ္ဓါအရှင်မြတ် တို့သည်လည်း တစ်ပါးတည်းသော သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ သိမြင်တော်မူသည်ကို ဥပမာနှိုင်းကာ နိမိတ်ပုံပြင်အဖြစ် ဖော်ပြလေ့ရှိသောကြောင့် ဗျာလ်ရုပ်ထုတွင် ကြံ့ချိုကို ထည့်သွင်းဖော်ပြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## (၄) ကြက်တူရွေးလျှာ

စေတီပုထိုးတို့၏ လိုဏ်ဂူမုခ်ဝ၊ တံကဲ စသည်တို့၌လည်းကောင်း၊ ရာဇပလ္လင်တို့၌လည်းကောင်း၊ ကြက်တူရွေး၏ အင်္ဂါအစိတ်အပိုင်း တစ်ခုခုထုလုပ် ဖော်ပြတတ်ကြသည်။ ကျေးမင်းသည် သစ္စာဂတိကို တည်ကြည်စွာစောင့်ထိန်း၍ ရေသဖန်းပင်သေသည့်တိုင် အစာငတ်ခံနိုင်သည်။ ဗုဒ္ဓ၏ ဖြစ်တော်ပေါင်း (၁၃၆)ဘဝတွင်လည်း ကျေးမင်းသုံးဘဝ ပါဝင်သည်။ မဟော်သဓာဇာတ်တော်နှင့် အခြားနိပါတ်ရာဇဝင် ပုံပြင်ပေါင်းများစွာတို့တွင် ကြက်တူရွေးကို ကျေးစေတမန်အဖြစ် စေလွှတ်ခဲ့ကြသည်။ လိမ္မာယဉ်ကျေးခြင်း၊ လျင်မြန် ဖျတ်လတ်ခြင်း ၊ မင်းစိုးရာဇာနှင့် ပညာရှိသုခမိန် အပေါင်းတို့က တမန်အဖြစ်မွေးမြူလေ့ရှိခြင်း၊ ကိုယ်ကျင့်တရားမြဲခြင်း စသောဂုဏ်အင်္ဂါနှင့် ပြည့်စုံပြီး လူသားတမျှ စကားတတ်သော ကြက်တူရွေး၏ လျှာကို ဗျာလ်ရုပ်ထုတွင် ထည့်သွင်းဖော်ပြခဲ့ခြင်းဖြစ်သည်။

## (၅) ခြူးကိုယ်

ခြူး၏ခန္ဓာကိုယ်မှာ တကိုယ်လုံး ဖြူဆွတ်လှပကာ လင်္ကျာရစ်ခွေ၍ အိပ်ပျော်နေပါက အလွန်ပင် ကျက်သရေရှိသည် ဟုဆိုသည်။ မျက်စိ၊ မျက်ခွံ၊ မျက်ရစ်၊ မျက်ကွင်းတို့မှာ





မို့မောက်ဝိုင်းဝန်းပြီး ရှုချင်စဖွယ် ရှိသည်။ သွားလာလှုပ်ရှားသည့်အခါ အမွေးချင်းရိုက်ခတ်သံမှာ ဆည်းလဲသံကဲ့သို့ သာယာလှသည်။ ခြူးပန်း၊ ခြူးနွယ်ဟူသော ဝေါဟာရမှာ ခြူးသတ္တဝါ၏ နွဲ့နှောင်းလှပဟန်မှ ဆင်းသက်လာသည်ဟု သိရသည်။ သာယာခြင်း၊ အေးမြခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ လှပတင့်တယ်ခြင်း စသည်တို့ကို ပေါ်လွင်စေရန် ခြူး၏ကိုယ်ခန္ဓာ အစိတ်အပိုင်းကို ဗျာလ်ရုပ်ထုတွင် ထည့်သွင်းထားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## (၆) စာမရီအမြီး

မြတ်စွာဘုရားရှင်၏ဖြစ်တော်စဉ် (၁၃၆)ဘ၀တွင် စာမရီကို(၁၅)ဘ၀ တွေ့ရသည်။ မင်းမြောက်တန်ဆာ ငါးပါးတွင် သားမြီးယပ်သည် တစ်ပါး အပါအဝင်ဖြစ်ပြီး စာမရီ



အမြီးဖြင့် ပြုလုပ်ကြောင်းသိရသည်။ စာမရီသည် ငှက်မြတ် လေးကောင်အနက် တစ်ကောင် အပါအဝင်ဖြစ်ပြီး အသက်ကို အသေခံ၍ အမွေးအတောင်တို့ကို အကျွတ်မခံ သောငှက်မျိုး ဖြစ်သည်။ သူရသတ္တိနှင့် ပြည့်စုံသော စစ်သည်များကို စာမရီငှက်နှင့် နှိုင်းနှိုင်းကြသည်။ မြင့်မြတ်သော ငှက်မျိုး ဖြစ်ပြီး ရဲစွမ်းသတ္တိရှိခြင်း၊ သစ္စာသမာဓိရှိခြင်း၊ ဦးစီး ဦးဆောင်ပြုနိုင်ခြင်း၊ ခြွေရံသင်းပင်း ပေါခြင်း၊ လှပတင့်တယ်





သော အသံဖြင့် တွန်ကျူးခြင်း၊ လူတို့ အမြဲ တစေရှုချင်စဖွယ် ရှိခြင်း စသည့် အင်္ဂါရပ်နှင့် ပြည့်စုံသောကြောင့် ဗျာလ်ရုပ်ထု တွင် ထည့်သွင်းထားခြင်း ဖြစ်သည်။

## (၇) မြင်းနားရွက်

မြင်းသည် ရတနာတစ်မျိုးဖြစ်သည်။ စစ်အင်္ဂါလေးပါး တွင်လည်း တစ်ပါး အပါအဝင်ဖြစ်သည်။ ဖြစ်တော်ပေါင်း (၁၃၆)ဘ၀တွင် မြင်းတစ်ဘ၀သာ ကျင်လည်ခဲ့သည်။ သိဒ္ဓတ္ထ မင်းသား တောထွက်သောအခါတွင် ဖွားဖက်တော် ကဏ္ဍက မြင်းမှာ ပါရီဖြည့်ဘက်ဖြစ်သည်။ မင်္ဂလာဘုရားလေးဆူ၊ သုဓာတာဘုရားလောင်း၊ အတ္တဒဿီဘုရားလောင်းတို့သ

www.burmeseclassic.com

www.burmeseclassic.com





ဘုရားလောင်းတို့သည် မြင်းကိုစီး၍ တောထွက်တော်မူခဲ့သည်။ မြင်းတို့သည် အသိအာရုံတရားကို နားရွက်ဖြင့်ဆင်ခြင် သုံးသပ်ကြသည်။ ယင်းအတွက်ကြောင့် မြင်း၏နိမိတ်ပုံအဖြစ် မြင်းနားရွက်ကို ဗျာလ်ရုပ်ထုတွင် တပ်ဆင်ထားခြင်းဖြစ်သည်။

(၈) **ခြင်္သေ့လည်ဆံ**

ခြင်္သေ့သည် တောတိရစ္ဆာန်တို့၏ သားမင်းဖြစ်ပြီး ယူဇနာသုံးထောင် ကျယ်ဝန်းသောတောကြီးကိုအစိုးရသည်။



ခြင်္သေ့လေးမျိုးထဲတွင် ကေသရာဇာခြင်္သေ့မျိုးသည် အကြီးဆုံးဖြစ်သည်။ ခြင်္သေ့တို့မည်သည့် သစ္စာရှိသည်။ မည်မျှပင်ငတ်ပြတ်စေကာမူ မြက်ခြောက်ကိုစားရိုးထုံးစံမရှိ။ သားကောင်တို့၏အသက်အသားသည်သာ သူတို့၏အစာအဟာရဖြစ်သည်။ သစ္စာတရားတည်ကြည်မှုကြောင့် ခြင်္သေ့မင်းတို့၏ အဆီသည် သံဂီရွှေခွက်တွင်သာ တင့်တည်သည်။ ရဲရင့်ခြင်း၊ သူရသတ္တိနှင့်ပြည့်စုံခြင်း၊ လုံ့လဝီရိယရှိခြင်း၊ သားရဲတိရစ္ဆာန်အပေါင်းတို့ကိုစိုးမိုးနိုင်ခြင်း၊ သစ္စာသမာဓိရှိခြင်း၊ နတ်ဒေဝတာအပေါင်းတို့၏စီးတော်ယာဉ် ဖြစ်ခြင်းကြောင့် ခြင်္သေ့လည်ဆံကို ဗျာလ်ရုပ်ထုတွင် ထည့်သွင်းထားခြင်း ဖြစ်သည်။

(၉) **ကျားစွယ်**

ကျားစွယ်သည် ချွန်ထက်ပြီး အဆိပ်ပြင်းထန်သည်။ ဖြူစင်သောအဆင်းရှိပြီး ပြောင်လက်မာကျောသည်။ တော၏ဘုရင်ဖြစ်ပြီး တနင်္လာဂြိုလ်မင်း၏ စီးတော်ယာဉ်လည်းဖြစ်သည်။ ရဲရင့်ခြင်း၊ သစ္စာရှိခြင်း၊ မဟုတ်မခံခြင်း၊ သတ္တိရှိခြင်းတို့ကို ရည်ရွယ်၍ ဗျာလ်ရုပ်ထုတွင် ကျားစွယ်ကို ထည့်သွင်းထုလုပ်ထားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဂနေ့(ရှ်)

သျှစ်သောင်းပုထိုးတော်ကြီး၏ စတုတ္ထလိုဏ်ထပ်ရှိ အင်္ဂါထောင့်၊ စနေထောင့်၊ ရာဟုထောင့်များရှိ မဏ္ဍိုင်ကြီးများအောက်တွင် ဂနေ့(ရှ်)ရုပ်ထုများကို တွေ့ရသည်။ ဂနေ့(ရှ်)ကို မြန်မာတို့က မဟာပိန္နဲဟု ဟူဆကြသည်။

သီဝဘုရား သခင်၏ကြင်ယာတော် ပါရာဝတီ၏ သားတော် ဖြစ်သည်။ ပါရာဝတီသည် သူ၏ကိုယ်မှ ထွက်သော သွေးတစ်စက်ဖြင့် မြေမှုန့်ကို ရောစပ်ကာ ဂနေ့(ရှ်)ကို မွေးဖွားဖန်ဆင်းခဲ့သည်။ ဂနေ့(ရှ်)ကို ကိုးကွယ်ခြင်းဖြင့် သချာပညာ၊ ဆေးဒင်ပညာများတွင် ထက်မြက်ထူးချွန်သည်ဟု ယူဆကြသည်။



## မဟာပညာကျော်

သျှစ်သောင်းပုထိုးတော်ကြီး၏ အနောက်ဘက် စတုတ္ထလိုဏ်ထပ်ရှိ တတိယအဆင့်တွင် မဟာပညာကျော် ရုပ်ထုကိုတွေ့ရသည်။ မဟာပညာကျော်သည် စစ်တကောင်းမြို့စား အမတ်ကြီးဝိမလ၏ သားဖြစ်ပြီး ငယ်နာမည်မှာ မြတ်သာထွန်း ဖြစ်သည်။ ငယ်စဉ်က တောင်ညိုတိုက် အဂ္ဂစိန္တယျ ဆရာတော်ထံတွင် ဖစောသီရိ (ခေါ်) မင်းဗာကြီး၊ မောင်မြဝါတို့နှင့်အတူ ပညာသင်ကြားခဲ့သည်။ အိန္ဒိယနိုင်ငံ ဗာရာဏသီတက္ကသိုလ်တွင် တရားစီရင်ရေးဆိုင်ရာ ဓမ္မသတ်ကျမ်းနှင့် စစ်ရေးစစ်ရာတို့ကို သင်ယူတတ်မြောက်ခဲ့ပြီး ရခိုင်သို့ ပြန်လာကာ ပညာရှိအမတ်ကြီး "မဟာပညာကျော်" အဖြစ် (အေဒီ - ၁၅၃၁-၁၅၅၃)နန်းစံဘုရင် မင်းဗာကြီးထံတွင် အမှုတော်ထမ်းသည်။ အမတ်ကြီးသည် ထီးရေး ၊ နန်းရေး၊ စီမံအုပ်ချုပ်ရေးတွင်သာ ထင်ရှားကျော်ကြားသည် မဟုတ် စာပေပညာလည်း ထူးချွန်ထက်မြက်သော ပါရမီ ရှင်ဖြစ်သည်။ မဟာပညာကျော်သည် လောကအရေး၊ ဓမ္မအရေး၊ ရာဇအရေး စသော လျှောက်ထုံးများကို နှံ့စပ်ကျွမ်းကျင်စွာရေးသားခဲ့သည်။

ဘုရင်မင်းမြတ်တို့သည် တိုင်းသူပြည်သားတို့အပေါ်

www.burmeseclassic.com

www.burmeseclassic.com





စတုဗ္ဗလိုဏ်ပတ်လမ်းအနောက်မှ မဟာပညာကျော်ရုပ်ထု

တရားဖြောင့်မှန်စွာ အုပ်ချုပ်နိုင်ရေးအတွက် အကြံကောင်း ဉာဏ်ကောင်း၊ နည်းလမ်းကောင်းများကို လျှောက်ထုံးများ ရေးသား၍ ကောင်းစွာညွှန်ပြနိုင်ခဲ့သော ပညာရှိအမတ်ကြီး တစ်ဦး ဖြစ်သည်။ လျှောက်ထုံးများအပြင် တရားဖြတ်ထုံး များကို အစဉ်အလာဓမ္မသတ် အတိုင်းသာမက လက်ရှိ အခြေ



အနေပေါ်မူတည်ကာ ပင်ကိုယ်ဉာဏ်ဖြင့် စီရင်ဆုံးဖြတ်နိုင် သော ပညာရှင်လည်း ဖြစ်သည်။ အမတ်ကြီး မဟာပညာ ကျော်သည် လျှောက်ထုံးများအပြင် (၁၂)ရာသီရတုများကို လည်း ထူးခြားပြောင်မြောက်စွာ ရေးသားစပ်ဆိုနိုင်ခဲ့သည်။

ဘုရင်မင်းဗာကြီးလက်ထက် လောင်းကြက်မြို့ ဟောင်းသို့ ချီတက်ဝန်းရံလာသော တောင်ငူဘုရင် တပင် ရွှေထီးအား အမတ်ကြီးမဟာပညာကျော်က "လက်ရုံးအား ကို အလိုရှိသောမင်းသည် ရန်ပို၍ တိုင်းသူပြည်သားတို့ သော်လည်း လက်ရုံးမာနကြီးခြင်းကြောင့် စည်းစိမ်မရှည်" စသည်ဖြင့် လျှောက်ထားခဲ့ရာ ဘုရင်တပင်ရွှေထီးသည် မဟာ ပညာကျော်အား ဆုလဒ်လက်ဆောင်များဖြင့် မြောက်စားချီးမြှင့် တော်မူခဲ့သည့်အပြင် မိမိတပ်ကိုရုပ်သိမ်းပြီး ကေတုမတီတောင်ငူ နေပြည်တော်သို့ ပြန်ခဲ့လေသည်။

ဤသို့ဖြင့် အမတ်ကြီးမဟာပညာကျော်သည် မင်းဗာ ဘုရင်လက်ထက်မှစ၍ မင်းတိက္ခာ (အေဒီ - ၁၅၁၅-၁၅၆၄)၊ မင်းစကြာ(အေဒီ - ၁၅၇၁ - ၁၅၉၃)၊ မင်းရာဇာကြီး (အေဒီ - ၁၅၉၃-၁၆၁၂)လက်ထက်ထိ မင်းတိုင်ပင် သက်တော် ရှည်အမတ်ကြီးအဖြစ် အမှုထမ်းဆောင်ရွက်ခဲ့သည်။ သက္ကရာဇ် (၉၆၃)ခု ၊အေဒီ - ၁၅၉၉)ခု မင်းရာဇာကြီးလက်ထက်

www.burmeseclassic.com

www.burmeseclassic.com



သက်တော် (၁၁၁)တွင် ကွယ်လွန် အနိစ္စရောက်ခဲ့သည်။

အမတ်ကြီးမဟာပညာကျော်အား ဂုဏ်ပြုသော အားဖြင့် ဘုရင်မင်းရာဇာကြီးက အငူမော်တင်စွန်းတွင် စေတီ တစ်ဆူကို တည်ထားကိုးကွယ်ခဲ့သည်။

## ဝသုန္ဒြီ၊ ဝသုန္ဒြာ

သျှစ်သောင်းပုထိုးတော်ကြီး၏ စတုတ္ထလိုဏ်ပတ်လမ်း တစ်လျှောက်တွင် ဝသုန္ဒြီ၊ ဝသုန္ဒြာရုပ်ထုကို တွေ့ရသည်။ ဝသုန္ဒြီအမရုပ်ထုကို နေရာဒေသအနှံ့အပြားတွင် တွေ့ရသော်လည်း ဝသုန္ဒြီ၊ ဝသုန္ဒြာ အထီးအမနှစ်ရုပ်တွဲကိုမူ ဤ သျှစ်သောင်း ပုထိုးတော်ကြီးတစ်ခုတည်းတွင်သာ တွေ့ရှိရသည်မှာ ပုထိုးတော်ကြီး၏ ထူးခြားချက် တစ်ရပ်ပင်ဖြစ်သည်။ ဂေါတမမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်၍ အပရာဇိတ ပလ္လင်ထက် ဝယ် စံပါယ်တော် မူနေစဉ် မာရ်နတ်အပေါင်းတို့က လာရောက် တိုက် ခိုက်ကြလေသည်။

ထိုအခါ မြတ်စွာဘုရားက မဟာပထဝီ မြေကြီးကို လက်ဖြင့် ထိတွေ့လျှက် သစ္စာဆို တိုင်တည်စဉ် ဝသုန္ဒြီမြေနတ် ပေါ်ထွက်လာပြီး ဆံရည်ညှစ်ချသဖြင့် မာရ်နတ်စစ်သည်များ မျောပါသွား၍ မာရ်နတ်သားကို အောင်မြင်တော်မူလေသည်။





ဝသုန္ဒြီ၊ ဝသုန္ဒြာ
အထီးအမနှစ်ရုပ်တွဲ

ဤ အဖြစ်အပျက်ကို အစွဲပြု၍ ဗုဒ္ဓဘာသာဝင်တို့သည် အလှူဒါနပြုပြီး အမျှအတန်း ပေးဝေသောအခါတွင် "ဝသုန္ဒြီ ဤမြေပိုင်မူ သေလာထုလည်း သက်သေ အရာ၌ တည်စေသော်" ဟူ၍ မိမိ၏ ကောင်းမှု အလှူဒါနကို ဝသုန္ဒြီမြေစောင့်နတ်အား သက်သေအရာထား၍ တိုင်တည်လေ့ရှိသည်။



ဝသုန္ဒြီရုပ်ထု

www.burmeseclassic.com

www.burmeseclassic.com

## တြိဒေဝနတ်

သျှစ်သောင်းပုထိုးတော်ကြီး၏ စတုတ္ထလိုဏ်ပတ် အနောက်ဘက်မျက်နှာစာ၏ လိုဏ်ဂူတော်နံရံအပေါ်ဆုံးထပ်တွင် တြိဒေဝနတ် ရုပ်ထုကို တွေ့ရသည်။ ခန္ဓာကိုယ် တစ်ခုတည်းတွင် ဦးခေါင်းသုံးလုံး ပါရှိသည်။

အခိပ္ပါယ်မှာ မဟာ ဗြဟ္မာ၊ ဗိဿနိုး၊ သီဝနတ်ဘုရား သုံးဆူကို ရည်ညွှန်း၍ ထုလုပ်ထားခြင်း ဖြစ်သည်။





ဗြဟ္မာရနတ်ဘုရားကြီးသည် ကမ္ဘာကြီးကို ဖန်ဆင်းရန်အတွက် မဟာဗြဟ္မာကို ဖန်ဆင်းခဲ့သည်။ ကမ္ဘာကြီးကို တည် ဆောက်ရန် ဗိဿနိုးကိုဖန်ဆင်းခဲ့သည်။ သီဝကိုမူ မကောင်းသူကိုပယ်၊ ကောင်းသူကို ကယ်ဆယ်ရန်အတွက် ဖန်ဆင်းခဲ့သည်။ ထို့ကြောင့် တြိဒေဝ(ခေါ်) ခေါင်းသုံးလုံးနှင့် တွေ့ရသော နတ်ဘုရားသည် နတ်သုံးပါးပေါင်းထားသည့် ဗြဟ္မာရ နတ်ဘုရားဖြစ်သည်။

## သူရဿတီနတ်

သျှစ်သောင်းပုထိုးတော်ကြီး၏ စတုတ္ထလိုဏ်ထပ် အနောက်ဘက်နံရံတွင် သူရဿတီမယ်တော်ရုပ်ထုကို တွေ့ရသည်။ သူရဿတီမယ်တော်သည် ဟင်္သာယာဉ်ကိုစီးပြီး လက်တွင် ပိဋကတ်တော်ကိုင်ထားသည့် အတွက်ကြောင့် အချို့က ဗုဒ္ဓဘုရားရှင် ဟောကြားသော ပိဋကတ်သုံးပုံကို စောင့်ရှောက်သည့်နတ်ဟု ယူဆကြသည်။ အမှန်မှာ ဟိန္ဒူ ဘာသာဝင်တို့၏ ပိဋကတ်တော်များဖြစ်သော (သာမ၊ ယေစု၊ အိရု ၊ အတာပ္ပန) အစရှိသော ဗေဒင်လေးဖုံကို စောင့်ရှောက်သော နတ်သာဖြစ်သည်။ သူရဿတီမယ်တော်ကြီးသည် သျှတ္တိ(ခေါ်)မဟာဗြဟ္မာ၏ ကြင်ယာတော်ဖြစ်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com





လိုဏ်ဂူတော်နံရံများတွင် ဟိန္ဒူနတ်ဘုရားများနှင့် အတူတွေ့ရှိရခြင်း ဖြစ်သည်။

--------- XXXXXXXX ---------

## ဇာတ်တော်များ

သျှစ်သောင်းပုထိုးတော်ကြီး၏ စတုဂ္ဂလိုဏ်ပတ်လမ်းအတွင်းရှိ တောင်ဘက်၊ မြောက်ဘက်၊ အနောက်ဘက်နံရံများတွင် ငါးရာ့ငါးဆယ်နိပါတ်တော်ထဲမှ ဖြစ်တော်စဉ်များ၊ ယသဝတ္တုနကျမ်းလာပုံပြင်များ၊ ကမ္မတိကျမ်းလာပုံပြင်များ၊ ဇာတ်တော်များ ၊ ဇာတ်ကြီးဆယ်ဘွဲ့မှ ဇာတ်တော်များစသည့် ပုံပြင်ဇာတ်တော်ပေါင်း (၈၀)ကျော်ခန့်ကို ကျောက်ဆစ်ရုပ်လုံးရုပ်ကြွများဖြင့် ထုဆစ်ထားသည်။

ဇာတ်တော်များသည် ဗုဒ္ဓကိုယ်တော်တိုင် သတ္တဝါအနန္တတို့၏အကျိုးကို ရှေ့ရှု၍ မိမိပါရမီဖြည့်ကျင့်ကြံပြီးပမ်းခဲ့သော အသင်္ချေအနန္တထဲမှ မျက်မှောက်ခေတ် အခြေအနေနှင့် အခွင့်ကြုံသော မည်သို့နေထိုင်ကျင့်ကြံခဲ့ကြောင်း မည်သည့်အမှုကံကို ပြုလိုက်၍ မည်သည့်ကောင်းကျိုး၊ ဆိုးကျိုးကို မိမိရရှိခဲ့ကြောင်း သူတစ်ပါးရရှိသည်ကို တွေ့ကြုံခဲ့ရကြောင်း စသည့်တို့ကို ပြန်လည်မှတ်ဟပြီး ကံ ကံ၏အကျိုး ထင်လင်းအောင် တရားဓမ္မကို ဟောကြားတော်မူခဲ့သော ဇာတ်တော်များဖြစ်သည်။ ၎င်းဇာတ်တော် (၈၀)ကျော်ခန့်ထဲမှ အချို့သော ဇာတ်တော်များကိုသာ ကောက်နှုတ် တင်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကဏှာဇာတ်


## အမယ်အိုနှင့် နွားလားအကြောင်း

ဤဇာတ်တော်သည် ဇာတ်တော် နံပါတ် (၂၉)ဖြစ်ပြီး၊ သျှစ်သောင်းပုထိုးတော်ကြီး၏ စတုတ္ထ လိုဏ်ပတ်လမ်း တောင်ဘက်ရှိ ဒုတိယအဆင့်တွင် တွေ့ရသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက်တွင် အဖွား အိုတစ်ဦးသည် (ကဏှာ)အမည်ရှိသော ဘုရားလောင်း နွားလားကို သားအရာထား၍ ကောင်းစွာကျွေးမွေးသည်။ အမိကို ဆင်းရဲခြင်းမှ လွတ်စေရန်ငါလုပ်ကျွေးအံ့” ဟုကြံပြီး အလုပ်ကို စုံစမ်းလျှက်ရှိသည်။ တနေ့သ၌ ကုန်သည်တစ်ဦး သည် လှည်းငါးရာ မညီညွတ်သဖြင့် နွားတို့သည် လှည်းများကို မဆွဲနိုင်ပေ၊ ထိုအခါ ဘုရားလောင်း နွားလားဥသဘကို လှည်းတစ်စီးကိုနှစ်ကျပ်ဖြင့် ဆွဲတင်ခိုင်းလေသည်။

ဘုရားလောင်းသည် လှည်းငါးရာတို့ကို တစ်လှည့်စီ ကုန်းပေါ်သို့ဆွဲတင်ပေးရာ လှည်းကုန်သည်က ငွေတစ်ထောင် ထုပ်ကို နွား၏လည်၌ချည်၍ပေးလေသည်။ ဘုရားလောင်း သည် ငွေတစ်ထောင်ကိုယူ၍ အမိအိုအားပေးပြီး အကြောင်းစုံ





ကို ပြောပြသည်။ ထိုအခါ အဖွားအိုက “အဘယ်ကြောင့် ငါ့အတွက် ဤမျှဆင်းရဲခံသနည်း” ဆိုပြီး ဘုရားလောင်းအား ကောင်းမွန်စွာ ရေချိုးပေး၍ တစ်ကိုယ်လုံးဆီအမွှေး နံ့သာ လိမ်းပြီးလျှင် ကောင်းမွန်သော အစားအစာတို့ကို ကျွေးမွေးကာ အသက်ထက်ဆုံးနေကြလေသည်။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး

www.burmeseclassic.com

www.burmeseclassic.com



တော်မူစဉ် "ယမိုက် ပြဋ္ဌိဟာတန်ခိုးကိုအကြောင်းပြုပြီး ဘုရားဟူသည် အတုမရှိဆောင်ရွက်နိုင်၏"ဟု သိစေလို၍ ဤဇာတ်တော်ကို ဟောခဲ့သည်။ ဤဇာတ်တော်ကို ဖတ်ရှုရခြင်းအားဖြင့် ပါရမီရှင်ပညာရှိတို့သည် ဘယ်အရာမဆိုလုပ်နိုင်ကြသည်ဟု သင်ခန်းစာ ရရှိသည်။

--------- xxxxxxxx ---------

## မစ္ဆဇာတ်

## မိုးရွာစေသော ငါးရံ့မင်းအကြောင်း



ဤဇာတ်တော်သည် ဇာတ်တော်နံပါတ် (၇၅)ဖြစ်ပြီး၊ သျှစ်သောင်းပုထိုးတော်ကြီး၏ စတုတ္ထလိုဏ်ပတ်လမ်း တောင်ဘက်ရှိ စတုတ္ထအဆင့်တွင် တွေ့ရသည်။ ကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်ရေကန်အရပ်တွင် ရေအိုင်တစ်ခုရှိသည်။ ထိုရေအိုင်တွင် ဘုရားလောင်းငါးရံ့မင်းသည် ငါးအပေါင်း ခြံရံ

www.burmeseclassic.com

www.burmeseclassic.com



လျှက်နေ၏။ ထိုအချိန် ကောသလတိုင်းတွင် မိုးမရွာသဖြင့် အင်း၊ အိုင်၊ မြစ်၊ ချောင်းတို့၌ ရေခန်း၍ ငါး၊ လိပ်တို့သည် ညွန်ထဲသို့ တိုးဝင်ကြပြီး အချို့ငါးတို့သည်။ ကျီးငှက်တို့၏ အစာ ဖြစ်သွားကြသည်။

ထိုအခါ ဘုရားလောင်းသည် ညွန်မှထွက်၍ ကောင်းကင်ကိုကြည့်ကာ "အိုမိုးနတ်မင်း ငါသည် ဆွေမျိုးများကိုမှီ၍ဆင်းရဲ၏။ သီလရှိသောငါ ပင်ပန်းလျှက် အဘယ်ကြောင့် မိုးကို မရွာစေသနည်း။ ငါသည် ဇာတ်တူသားစားသည့် အမျိုးဖြစ်သော်လည်း မည်သည့်ငါးကိုမျှ မစားဖူး၊ အခြားသတ္တဝါများကိုလည်း မသတ်ဖူး၊ ဤငါ၏ သစ္စာစကားကြောင့် မိုးရွာစေ၍ ငါနှင့် ငါဆွေမျိုးများကို ဆင်းရဲတွင်းမှ လွတ်စေလော" ဟုဆို၍ မိုးနတ်မင်းအား တိုင်ကြား လေသည်။ ထိုခဏအတွင်း မိုးရွာသွန်းစေသောကြောင့် သတ္တဝါအပေါင်းအား သေဘေးမှ လွတ်မြောက်စေသည်။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် "ကောသလတိုင်း၌ မိုးမရွာသဖြင့် ကိုယ်တော်တိုင် ရွာစေသော မိုးကိုအကြောင်းပြု၍" ဤဇာတ်တော်ကို ဟောခဲ့သည်။ ဤဇာတ်တော်ကို ဖတ်ရှုရခြင်းအားဖြင့် "<u>သူတော်ကောင်းတို့၏ သစ္စာစကားသည် စုးရှ၍ အကျိုးထူးကို ပေးတတ်ကြောင်း</u>" သင်ခန်းစာရရှိသည်။

## စန္ဒကိန္နရီဇာတ်တော်
## မင်းယုတ်နှင့် ကိန္နရာမောင်နှံအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဤဇာတ်တော်သည် ဇာတ်တော်နံပါတ် (၄၈၅)ဖြစ်ပြီး သျှစ်သောင်း ပုထိုးတော်ကြီး၏ စတုတ္ထလိုဏ်ပတ်လမ်း တောင်ဘက်ရှိ တတိယအဆင့်တွင် တွေ့ရသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည်လက်နက်ငါးပါး ကိုင်စွဲပြီး ဟေမဝန္တာသို့ တောကစားထွက်လာရာ စန္ဒမည်သော ငွေတောင်သို့ရောက်လာသည်။ ဘုရားလောင်း ကိန္နရာသည် စန္ဒကိန္နရီမည်သော သူ့မိန်းမနှင့် ချစ်ခင်စွာ ပျော်မြူးနေသည် ကိုမြင်သော် ကိန္နရီမကို စွဲလမ်းတက်မက်၍ ဘုရားလောင်း ကိန္နရာကို မြားဖြင့်ပစ်၏။ မြားစူးသည့်နေရာမှ ယိုထွက် လာသော သွေးကိုမြင်လျှင် ကိန္နရီသည် တုန်လှုပ်စွာဖြင့် ငိုကြွေးသည်။ ဘုရင်မင်းက "မစိုးရိမ်နှင့် သင်သည် ငါ့မယား ဖြစ်မည်"ဟုပြောသောအခါ စန္ဒကိန္နရီက ငါသည် အသေသာ ခံမည်၊ သင့်မယားအဖြစ်မခံ"ဟုဆို၏။ စန္ဒကိန္နရီသည် ချစ်လင်ကိုပွေ့ဘက်၍ သည်းထန်စွာ ငိုကြွေးလျက် လောက ပါလနတ်တို့အား တိုင်ကြားသည်။ ထိုအခါ သိကြားမင်းက ပုဏ္ဏားအသွင်ဖြင့်လာရောက်ပြီး ကရုဏာမှုရေဖြင့် ဘုရားလောင်း အပေါ်သွန်းချလျှင်ပင် မြားဆိပ်များပြေပျောက်သွားလေသည်။ စန္ဒကိန္နရီသည် ဝမ်းသာလွန်း၍ သိကြားမင်း၏ ခြေအစုံကို ရှိခိုးကန်တော့ပြီး ထိုစန္ဒတောင်၌ပင်လျှင် သေတပန်သက်တဆုံး



ပျော်ရွှင်စွာ နေထိုင်ကြလေသည်။

မြတ်စွာဘုရားသည် နိဂြောဓရုံကျောင်း၌ သီတင်းသုံး တော်မူစဉ် " သုဓေါဒန မင်းကြီးက ရာဟုလာမယ်တော်"၏ ဂုဏ်ကျေးဇူးများကို အကြောင်းပြု၍ ဤဇာတ်တော်ကို ဟောခဲ့သည်။ ဤဇာတ်တော်ကို ဖတ်ရှုရခြင်းအားဖြင့် "အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘုလတို့သည် လင်ယောကျ်ားတို့ အပေါ်၌ သစ္စာရှိသော တော်ဝင်မယားများဖြစ်ကြောင်း" လေ့လာတွေ့ရှိရသည်။

--------- xxxxxxxx ---------

www.burmeseclassic.com

www.burmeseclassic.com

## သဂုဏဇာတ်
## မြေခွေးနှင့် ခြင်္သေ့အကြောင်း





ဤဇာတ်တော်သည် ဇာတ်တော်နံပါတ် (၁၅၇)ဖြစ်ပြီး သျှစ်သောင်းပုထိုးတော်ကြီး၏ စတုတ္ထလိုဏ်ပတ်လမ်း တောင်ဘက်ရှိ တတိယအဆင့်တွင် တွေ့ရသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းခြင်္သေ့မင်းသည် တောင်ထိပ်ဂူ၌ မင်းပြုနေ၏ တစ်နေ့တွင် ဂူမှထွက်ပြီး တောင်ခြေရင်း ရေအိုင်ရှိ သမင်တစ်ကောင်ကို ဖမ်းယူရန် တောင်ထိပ်မှနေ ခုန်၍လိုက်ရာအားလွန်ပြီးနွံတောသို့ ကျရောက် သွားလေသည်။ နွံတောထဲမှ တက်မရောက်နိုင်သောကြောင့် ခုနစ်ရက်လုံးလုံး အစာမစားရဘဲနေ၏။ ခြင်္သေ့မင်းသည် မြေခွေးတစ်ကောင်ကိုမြင်၍ ခေါ်ယူပြီး သူအသက်ကိုတယ်တင်ရန်ပြောဆိုရာ မြေခွေးလည်း ခြင်္သေ့အား နွံတောထဲမှ ဖယ်ထုတ်ပြီး ကယ်တင်လေသည်။ ထိုအခါ ခြင်္သေ့သည် မိမိအသက်ကို ကယ်တင်သော ကျေးဇူးရှင် မြေခွေးနှင့် သူ့မယားတို့အားခေါ်ဆောင်၍ မိမိဂူအနီးရှိ ဂူတစ်ဂူတွင် နေစေသည်။ တောတိရစ္ဆာန် သားငါးများသတ်စားပြီး နောင်ကာလကြာသောအခါ ခြင်္သေ့မနှင့် မြေခွေးမတို့တွင် သားနှစ်ယောက်စီ မွေးဖွားကြပြီး ခြင်္သေ့နှင့်မြေခွေးတို့ မိသားစုအားလုံး ဆွေမျိုးခုနစ်ဆက်တိုင်အောင် ချစ်ခင်ညီညွတ်စွာ နေကြလေသည်။

www.burmeseclassic.com



မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် "ရှင်အာနန္ဒာသည် ကောသလမင်းနှင့် မိဖုရားတို့ လှူဒါန်းသည့်တစ်ထောင်တန် အဝတ်ပုဆိုးကိုရ၍ မိမိအား အလွန်ကျေးဇူးပြုသော ရဟန်းငယ်တို့အား အဝတ်ပုဆိုး ပေးလှူသည်ကို အကြောင်းပြု၍" ဤဇာတ်တော်ကိုဟောခဲ့သည်။ ဤဇာတ်တော် ကို ဖတ်ရှုရခြင်းအားဖြင့် "ပညာရှိတို့မည်သည် ကျေးဇူးရှိသူကို ကျေးဇူးတုံ့ပြန်လေ့ရှိကြောင်း" သင်ခန်းစာရရှိသည်။

--------- xxxxxxxx ---------

## ကာကဝတီဇာတ်

## မိဖုရားနှင့် ဂဠုန်မင်းအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဤဇာတ်တော်သည် ဇာတ်တော်နံပါတ် (၃၂၇)ဖြစ်ပြီး သျှစ်သောင်းပုထိုးတော်ကြီး၏ စတုတ္ထလိုဏ်ပတ်လမ်း တောင်ဘက်ရှိ တတိယအဆင့်တွင်တွေ့ရသည်။

ဗာရာဏသီပြည် ဘုရားလောင်း ဗြဟ္မဒတ်မင်းတွင် "ကာကဝတီ"မည်သော နတ်သမီးကဲ့သို့ အလွန်အဆင်း လှပသည့် မိဖုရားတစ်ပါးရှိ၏။ ဂဠုန်မင်းသည် လူအသွင်ဖြင့် လာ၍ မင်းနှင့် ကြွေအံကစားပြီး ကာကဝတီကို တပ်မက် စွဲလမ်း၍ ဂဠုန်ပြည်သို့ ခိုးယူကာ သူမနှင့် မွေ့ပျော်လေသည်။ မင်းကြီးသည် မိဖုရားကိုမမြင်၍ စောင်းသမားတစ်ဦးအား စုံစမ်းရန်စေလွှတ်၏။ စောင်းသမားသည် စုံစမ်းသိရှိသောအခါ ဂဠုန်မင်း၏ အတောင်ကြား၌စီး၍ လိုက်ပါသွားပြီး မိဖုရားနှင့် ပျော်ပါးကာ ရှေးနည်းအတူပြန်လာသည်။

စောင်းသမားသည် ဂဠုန်နှင့်မင်းကြီးတို့ ကြွေအံ ကစားသည့်ပွဲသို့သွားရောက်ကာ ကာကဝတီမိဖုရားသည် ဂဠုန်ပြည်၌ရှိသည်ဟုပြောဆိုသည်။ ထိုအခါ ဂဠုန်မင်းက "သင်သည် မည်ကဲ့သို့ သမုဒ္ဒရာကိုကူး၍ လက်ပံပင်ကို တက်သနည်း" ဟုမေးသောအခါ စောင်းသမားက "သင်နှင့် အတူ သမုဒ္ဒရာကို ကူး၍ လက်ပံပင်ကိုတက်သည်" ဟုဆို၏ ဂဠုန်မင်းက "ပေါ့သည်လေးသည်ကိုမသိသော ကိုယ်ခန္ဓာ



ကြီးသောငါသည် စက်ဆုပ်ဖွယ်ရှိလေစွ"ဟုဆိုပြီး မိဖုရားကို ယူဆောင်ကာ မင်းကြီးအား ပြန်ပေးပြီးနောက် လုံးဝ ပြန်မလာ တော့ပေ။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး တော်မူစဉ် "ငြီးငွေ့သောရဟန်းတစ်ပါးကို အကြောင်းပြုပြီး မိန်းမမည်သည် စောင့်ရှောက်ရန် မတတ်နိုင်ဟုသိစေလို၍" ဤဇာတ်တော်ကိုဟောခဲ့သည်။ ဤဇာတ်တော်ကို ဖတ်ရှုရခြင်း အားဖြင့် "မိန်းမကို လုံခြုံအောင်ထားနိုင်သည့် နေရာသည် ဤကမ္ဘာပေါ်တွင် မရှိကြောင်း" သင်ခန်းစာရရှိသည်။

--------- XXXXXXXX ---------

www.burmeseclassic.com

www.burmeseclassic.com

## ကုရုင်္ဂမိဂဇာတ်

## သမင်၊ လိပ်၊ ငှက် မိတ်ဆွေသုံးဦးအကြောင်း

ဤဇာတ်တော်သည် ဇာတ်တော်နံပါတ်(၂၀၆)ဖြစ်ပြီး သျှစ်သောင်းပုထိုးတော်ကြီး၏ စတုတ္တလိုဏ်ပတ်လမ်း အနောက်ဘက်ရှိ ဒုတိယအဆင့်တွင် တွေ့ရှိရသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် တောတစ်ခုရှိ ရေအိုင်အနီးတွင် ကုရုင်္ဂမိဂမည်သော ဘုရားလောင်း သမင်၊ ခေါက်ရှာငှက်၊ လိပ်တို့ သုံးဦးသည် မိတ်ဆွေဖြစ်၍





ချစ်ခင်စွာနေကြ၏။ တစ်နေ့သ၌ ဘုရားလောင်း သမင်သည် ရေအိုင်သို့ ရေသောက်ရန်လာစဉ် မုဆိုးတစ်ဦးထောင်ထားသော ကျော့ကွင်း၌မိလေသည်။ ထိုအခါ လိပ်နှင့်ခေါက်ရှာငှက်တို့ ရောက်လာကြပြီး လိပ်က ကျော့ကွင်းကို ကိုက်၏။ ခေါက်ရှာငှက်က မုဆိုးနေသည့်ရွာသို့သွား၍ အာရုဏ်တက်ချိန် မုဆိုးထွက်လာသည်ကိုမြင်လျှင် မုဆိုး၏မျက်နှာကို အတောင်များဖြင့် ပုတ်ခတ်လေသည်။ မုဆိုးက "ငါ့ကို ငှက်ယုတ်မာ ပုတ်ခတ်သည် နိမိတ်မကောင်း" ဟုဆိုပြီး အိမ်ပြန်အိပ်လေသည်။ နောက်ထပ် မုဆိုးထွက်လာသည်ကိုမြင်လျှင် ခေါက်ရှာငှက်သည် လျင်မြန်စွာ ပြေးလာပြီး "မုဆိုးလာပြီ" ဟုသမင်အား ပြောကြားလေသည်။ လိပ်လည်း သွားများကြွေ၍ ခံတွင်းမှ သွေးထွက်သည်အထိ ကျော့ကွင်းအား ကိုက်ဖြတ်သည်။ သမင်သည် မုဆိုးကိုမြင်သောအခါ တအားရုန်းကန်၍ ကျော့ကွင်းအား ဖြတ်တောက်ပြီး တောထဲသို့ ဝင်သွားသည်။ လိပ်ကား အားအင်ကုန်ခန်းသဖြင့် မပြေးနိုင်ဘဲရှိရာ မုဆိုးသည် လိပ်ကိုအိပ်ထဲထည့်၍ သစ်ငုတ်တစ်ခုတွင် ချိတ်ဆွဲထားလိုက်သည်။ သမင်သည် နောက်သို့လှည့်ကြည့်ရာ မုဆိုးက လိပ်အားယူသည်ကိုမြင်လျှင် အားနည်းဟန်ဆောင်၍ မုဆိုးအားပြသည်။ မုဆိုးသည် လှံကိုကိုင်လျက် သမင်နောက်သို့

www.burmeseclassic.com

www.burmeseclassic.com



လိုက်သောအခါ မနီးလွန်းမဝေးလွန်းဖြင့် မုဆိုးအား သွေးဆောင်ပြီး တောထဲသို့ဝင်သွားလေသည်။ အဝေးသို့ ရောက်သောအခါ သမင်သည် ခြေရာကိုလှည့်စား၍ တခြားနည်းလမ်းဖြင့် လျင်စွာပြေးလာပြီး ချိုဖြင့်အိတ်ကိုချီ၍ လိပ်ကိုထုတ်ပြီးလျှင် မိမိတို့နေရာသို့ မုဆိုးပြန်ရောက်မလာမီ ပြန်သွားကြလေသည်။

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် "ဘုရားကို သတ်ရန်အားထုတ်သည့် ဒေဝဒတ်ကိုအကြောင်းပြု၍" ဤဇာတ်တော်ကို ဟောခဲ့သည်။ ဤဇာတ်တော်ကို ဖတ်ရှုရခြင်းအားဖြင့် 'မည်မျှပင် အင်အားကြီးမားသည့် ရန်သူဖြစ်စေ၊ အားနည်းသူများညီညွတ်ကြလျှင် ရန်သူကိုအောင်မြင်နိုင်ကြောင်း' သင်ခန်းစာရရှိသည်။

--------- XXXXXXXX ---------

## တုဏ္ဍိလဇာတ်

## ဝက်ညီနောင်အကြောင်း

ဤဇာတ်တော်သည် ဇာတ်တော်နံပါတ်(၃၈၈)ဖြစ်ပြီး သျှစ်သောင်းပုထိုးတော်ကြီး၏ စတုတ္ထလိုဏ်ပတ်လမ်း အနောက်ဘက်ရှိပထမအဆင့်တွင်တွေ့ရသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် မြို့တံခါးအနီးနေ မိန်းမအိုကြီး တစ်ဦးတွင် ဘုရားလောင်း မဟာ



www.burmeseclassic.com

www.burmeseclassic.com



တုဏ္ဍိလ နှင့် စူဠတုဏ္ဍိလဟူသော ဝက်ညီနောင်ကို သားအဖြစ် မွေးစားထား၏ တစ်နေ့သ၌ အရက်သမားတို့သည် ဝက်သား စားလိုကြသဖြင့် အဖိုးအခပေး၍ ဝက်ကိုယူမည်ပြုရာ မိန်းမအိုကြီးက ဝက်အငယ်ကိုသာယူရန် ပြောလိုက်လေသည်။ ညီဖြစ်သည့် စူဠတုဏ္ဍိလသည် အကိုဘုရားလောင်းထံ သွားပြီး 'ယနေ့ငါသေရအံ့' ဟုဆိုလေသည်။

ထိုအခါ အကိုဖြစ်သော ဘုရားလောင်းဝက်က ပါရမီဆယ်ပါးကိုဆင်ခြင်လျှက် မေတ္တာပါရမီကို ရှေ့ထားပြီး သာယာသောအသံဖြင့် ဂါတာတစ်ခုကိုရွတ်၍ သေရမည့်ဘေးကိုကြောက်နေသည့် ညီအားတရားဟောလေသည်။ သူ၏အသံသည် ဗာရာဏသီတစ်မြို့လုံးကို လွှမ်းမိုးသွားပြီး မင်းအစရှိသော လူတို့သည် လာ၍တရားနာကြသည်။ လူပရိတ်သတ်အလယ်၌ ဆက်၍တရားဟောရာ လူအပေါင်းတို့က ကောင်းချီးပေးကြသည်။ မင်းကြီးသည် ဘုရားလောင်းအားပူဇော်၍ မိန်းမအိုကြီးအား စည်းစိမ်များစွာပေးပြီး ဝက်ညီနောင်အား သားအရာ၌ထား၍ အခြွေအရံများဖြင့် လုပ်ကျွေးလေသည်။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် "သေဘေးကို ကြောက်သော ရဟန်းတစ်ပါးကို



အကြောင်းပြု၍" ဤဇာတ်တော်ကို ဟောခဲ့သည်။ ဤဇာတ်တော်ကို ဖတ်ရှုခြင်းအားဖြင့် မေတ္တာတန်ခိုးသည် ဘေးအန္တရာယ်မှ လွတ်စေနိုင်ကြောင်း သင်ခန်းစာရရှိသည်။

--------- xxxxxxxx ---------

www.burmeseclassic.com

www.burmeseclassic.com

## ဝေဠုကဇာတ်
## မြွေဟောက်မွေးစားသည့်ရသေ့အကြောင်း

ဤဇာတ်တော်သည် ဇာတ်တော်နံပါတ် (၄၃)ဖြစ်ပြီး သျှစ်သောင်းပုထိုးတော်ကြီး၏ စတုတ္ထလိုဏ်ပတ် အနောက်ဘက်ရှိ ဒုတိယအဆင့်တွင်တွေ့ရသည်။





ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းရသေ့သည် ဟေမဝန္တာတောဌ် ရသေ့ငါးရာ အခြွေအရံဖြင့်နေ၏။ ဆုံးမခက်သော ရသေ့တစ်ပါးသည် ဘုရားလောင်းစကားကို နားမထောင်ဘဲ ဝေဠုကမည်သော မြွေဟောက်တစ်ကောင်ကို သားအရာထား၍ မွေးမြူပြီး ဝါးလုံးခေါင်းတစ်ခု၌ အိပ်စေသည်။ တစ်နေ့သ၌ ရသေ့အားလုံးသစ်သီးရှာထွက်ကြသောအခါ ဝေဠုကအားဝါးလုံး ထဲတွင်ပိတ်ပြီးထားခဲ့သည်။

အစာရှာပြီး နှစ်ရက် သုံးရက်ကြာမှ ပြန်လာသောအခါ ဝေဠုကအား အစာကျွေးရန် ဝါးလုံးကိုဖွင့်၍ လက်ကိုဖြန့်လေသည်။ မြွေဟောက်လည်း အစာမစားရ၍ အမျက်ဒေါသထွက်နေသဖြင့် ဖြန့်ထားသည့်ရသေ့လက်ကို ကိုက်ပြီးတောထဲသို့ ဝင်သွားလေသည်။ ရသေ့သည် ထိုနေရာ၌ပင်အသက်ဆုံးရှုံးလေသည်။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် "ဆိုဆုံးမခက်သောရသေ့တစ်ပါးကို အကြောင်းပြု၍" ဤဇာတ်တော်ကို ဟောခဲ့သည်။ ဤဇာတ်တော်ကို ဖတ်ရှုရခြင်းအားဖြင့် ပညာရှိတို့၏ အဆုံးအမကို မနာယူလျှင် ဒုက္ခမျိုးစုံကိုခံစားရပြီး လူမိုက်တို့သည် မိုက်မဲစွာပြုတတ်သဖြင့် ပျက်စီးရကြောင်း" သင်ခန်းစာရရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဝိသယှဇာတ်

## မလှူဘဲမနေနိုင်သည့် သူဌေးအကြောင်း





ဤဇာတ်တော်သည် ဇာတ်တော်နံပါတ် (၃၄၀)ဖြစ်ပြီး သျှစ်သောင်းပုထိုးတော်ကြီး၏ စတုတ္ထလိုဏ်ပတ်လမ်း အနောက်ဘက်ရှိ တတိယအဆင့်တွင် တွေ့ရသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ဝိသယှသူဌေး သည် နေ့စဉ် ခြောက်သိန်းသော အလှူကိုပေး၍ သီလစောင့်၏ သိကြားမင်းသည် ဝိသယှသူဌေး အလှူပေး၍ သိကြားမင်း အဖြစ်ရယူမည်ကိုစိုးရိမ်သောကြောင့် သူ၏စည်းစိမ်ဥစ္စာများနှင့် ကျွန်အပေါင်းတို့ကို ကွယ်ဝှက်ထားလေသည်။ ဝိသယှသည်အလှူမပေးဘဲ မနေနိုင်သဖြင့် မြက်ရိပ်ပြီးရောင်းရငွေကို သူတောင်းစားတို့အား လှူ၍ကုန်သွားသဖြင့် ထိုနေ့အစာမစားရဘဲ နေလေသည်။ ခြောက်ရက်လွန် ခုနစ်ရက်မြောက်သောနေ့၌ အစာပြတ်သည့်အတွက် မူးဝေ၍ သတိလစ်သွားသည်။ သိကြားမင်းသည် ကောင်းကင်၌ ရပ်လျှက် "အလှူမပေးလျှင် သင့်စည်းစိမ်တို့ကို ပြန်ရမည်" ဟုဆိုရာ ဝိသယှက "သင် သိကြားသည် ယုတ်မာသောအမှုကို ပြုလုပ်၏ ငါသည်ဥစ္စာမရှိသော်လည်း မြက်ရိပ်၍ အလှူပေးအံ့" ဟုဆိုလေ၏။

သိကြားမင်းက အလှူပေးရခြင်းအကြောင်းကို မေးသောအခါ ဝိသယှက "ငါသည် သဗ္ဗညုတဉာဏ်ကိုသာ

www.burmeseclassic.com

www.burmeseclassic.com



တောင့်တ၍ အလှူပေးခြင်းဖြစ်သည်'' ဟုဆို၏။ ထိုအခါ သိကြားမင်းသည်နှစ်သက်တော်မူပြီး ဝိသယှအား လက်ဆုတ်လက်နယ် ပြုသောအခါ အစာစားရသကဲ့သို့ အားအင်ပြည့်ဖြိုးလေသည်။ သိကြားမင်းသည် တန်ခိုးဖြင့် ဝိသယှ၏ စည်းစိမ်အခြေအရံအားလုံးကိုပေးပြီးနောက် ''သင်သည် ယနေ့မှစ၍ ယခင်ကထက် နှစ်ဆပို၍လှူပါတော့''ဆိုပြီး အတိုင်းမရှိသော ဥစ္စာတို့ကိုထား၍ ပြန်သွားလေသည်။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ''တံခါးမုခ်စောင့်နတ်က မလှူအောင် လုပ်သော်လည်း မလှူဘဲမနေနိုင်သော အနာထပိဏ်သဋ္ဌေးကို အကြောင်းပြု၍'' ဤဇာတ်တော်ကိုဟောခဲ့သည်။ ဤဇာတ်တော်ကို ဖတ်ရှုရခြင်းအားဖြင့် ''လူမိုက်သည် ပညာရှိကို ကုသိုလ်ပြုခြင်းမှ မတားမြစ်နိုင်ကြောင်း'' သင်ခန်းစာရရှိသည်။

--------- XXXXXXXX ---------

## ကုဋိဒူသကဇာတ်

## စာဝတီငှက်နှင့် မျောက်မိုက်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဤဇာတ်တော်သည် ဇာတ်တော်နံပါတ် (၃၂၁)ဖြစ်ပြီး သျှစ်သောင်းပုထိုးတော်ကြီး၏ စတုတ္ထလိုဏ်ပတ် မြောက်ဘက်ရှိ ဒုတိယအဆင့်တွင်တွေ့ရသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းစာဝတီငှက်သည် ဟိမဝန္တာတော၌ မိုးလုံအသိုက်ပြုလုပ်၍နေ၏။ တစ်နေ့သ၌ မိုးအဆက်မပြတ်ရွာနေသောကြောင့် အလွန်ချမ်းနေသည့် မျောက်တစ်ကောင်သည် သူ့အနီးသို့လာ၍ မိုးခိုလေသည်။ ထိုအခါ ဘုရားလောင်းစာဝတီငှက်က "သင့်မှာ ခြေလက်များရှိလျှက် အဘယ်ကြောင့် အိမ်မရှိသနည်း"ဟု မေးရာ ထိုမျောက်က "ငါ့မှာ ခြေလက်များရှိသော်လည်း ပညာမရှိ" ဟုဆိုလေသည်။

ဘုရားလောင်းသည် "မိတ်ဆွေကိုပြစ်မှားတတ်၊ စိတ်မတည်၊ သီလမရှိသောသူအား ချမ်းသာမှုမရှိ၊ သင်သည် ဒုဿီလအကျင့်ကိုမကျင့်ဘဲ မိမိအစွမ်းဖြင့် အိမ်ကို ပြုပြင်လော"ဟုဆို၏။ ထိုအခါ မျောက်က သင်သည် ငါကိုဆဲရေးသည်ဟုဆိုပြီး ဖမ်းရန်ပြေးလာသောအခါ ဘုရားလောင်းစာဝတီငှက်သည် အရပ်တပါးသို့ ပျံသွားလေသည်။ မျောက်ယုတ်လည်း ငှက်သိုက်ကို ဖျက်ဆီး၍ သွားလေသည်။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး



တော်မူစဉ် "ရှင်မဟာ ကဿပမထေရ်၏ ကုဋီကို မီးတိုက်ဖျက်ဆီးသော ကုဋိဒူသက ရဟန်းငယ်တစ်ပါးကို အကြောင်းပြု၍" ဤဇာတ်တော်ကိုဟောခဲ့သည်။ ဤဇာတ်တော်ကို ဖတ်ရှုရခြင်းအားဖြင့် "လူမိုက်သည် အကျိုးလို၍ ဆုံးမသူကိုပင် ရန်သူထင်တတ်ကြောင်း" သင်ခန်းစာ ရရှိသည်။

--------- xxxxxxxx ---------

www.burmeseclassic.com

www.burmeseclassic.com

## သာဠိယဇာတ်

### မြွေနှင့်ဆေးဆရာယုတ်အကြောင်း

ဤဇာတ်တော်သည် ဇာတ်တော်နံပါတ် (၃၆၇)ဖြစ်ပြီး သျှစ်သောင်းပုထိုးတော်ကြီး၏ စတုတ္ထလိုဏ်ပတ် မြောက်ဘက်ရှိ ပထမအဆင့်တွင်တွေ့ရသည်။





ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ကစားဘက် သူငယ်တို့နှင့်အတူရွာတံခါးအနီး ညောင်ပင်ရင်း၌ ကစားနေ၏။ ဆေးဆရာတစ်ဦးသည် ထိုနေရာအရပ်သို့ရောက်လာပြီး သစ်ခွကြား၌ ဦးခေါင်းထုတ်၍ အိပ်နေသော မြွေကိုမြင်လျှင်သူငယ်တို့ကို လှည့်စားကာ မြွေကိုက်စေ၍ ဆေးကုပေးပြီး တစ်စုံတစ်ခု ကိုယူအံ့ဟု ကြံစည်၏။

သူသည် ဘုရားလောင်းအား သစ်ခွကြား၌အိပ်နေသော ဆက်ရက်ကို ဖမ်းလော့ဟုဆိုလေ၏။ ဘုရားလောင်းသည် သစ်ပင်ပေါ်တက်ပြီး ဆက်ရက်အားဖမ်းရာ ဆုပ်ကိုင်ပြီးမှ မြွေဟုသိ၍ အောက်သို့လျှင်မြန်စွာပစ်ချလိုက်ရာ ဆေးသမား၏ လည်ဂုတ်ပေါ်၌ကျ၍ ပြင်းစွာကိုက်ခဲခံရ၍ သေဆုံးလေသည်။ ဆေးသမားသည် အပြစ်မရှိသော သူတို့အား ပြစ်မှား၍ မိမိသာလျှင် ပျက်စီးခြင်းသို့ရောက်လေသည်။

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် “ဒေဝဒတ်သည် ဘုရားရှင်အား ထိန့်လန့်စေရန် မစွမ်းဆောင်နိုင်သည်ကို အကြောင်းပြု၍” ဤဇာတ်တော်ကို ဟောခဲ့၏။ ဤဇာတ်တော်ကို ဖတ်ရှုရခြင်းအားဖြင့် “လူမိုက်သည် သူတစ်ပါးအား မကောင်းကြံ၍ ကိုယ်သာ ဘေးရန်ဖြစ်ရကြောင်း” သင်ခန်းစာ ရရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

## သဥ္ဇီဝဇာတ်
## လူလင်မိုက်နှင့် ကျားသေအကြောင်း

ဤဇာတ်တော်သည် ဇာတ်တော်နံပါတ် (၁၅၀)ဖြစ်ပြီး သျှစ်သောင်းပုထိုးတော်ကြီး၏ စတုတ္ထလိုဏ်ပတ် မြောက်ဘက်ရှိ ပထမအဆင့်တွင်တွေ့ရသည်။





ဗာရာဏသီပြည်ဗြဟ္မဒတ်မင်းလက်ထက် တက္ကသိုလ်ပြည်တွင် ဘုရားလောင်း ဒိသာပါမောက္ခ ဆရာသည် လုလင်ငါးရာတို့အား အတတ်ပညာ သင်ပေးလျက်ရှိသည်။ ထိုအခါ ဘုရားလောင်းထံမှ သေသူကို ရှင်အောင် လုပ်နိုင်စေသည့် မန္တာန်ကို သင်ကြားတတ်မြောက်ထားသော (သဥ္ဇီဝ)သည် တခြား လုလင်တို့နှင့် ထင်းခွေရန်သွားသောအခါ ကျားသေတစ်ကောင်အားတွေ့လေ၏။ အခြားသော လုလင်တို့က “ကျားသေကို အသက်သွင်းရန် တတ်နိုင်၏လော”ဟု ဆိုပြီး သစ်ပင်ပေါ် တက်ကြလေသည်။ လုလင်သည် သင်ကြားတတ်မြောက်ထားသော မန္တာန်ကို ရွတ်ဆိုပြီး ကျားသေအား ခဲနှင့်ပစ်ရာ ကျားသေသည်ထ၍ အတင်းပြေးလာပြီး သဥ္ဇီဝ လုလင်၏ လည်မျိုကိုကိုက်၍ လဲကျသေဆုံးလေသည်။ ကျန်သောလုလင်တို့သည် ဆရာအားထိုကြောင်းကို ပြောကြားသောအခါ ဆရာက “အမောင်တို့ သူယုတ်တို့ကို ချီးမြှောက်ရာတွင် အရာမဟုတ်သည်၌ ချီးမြှောက်ပူဇော်ကြသဖြင့် ထိုသူယုတ်ကပေးသော ဤဒုက္ခမျိုးကို ခံစားကြရ၏” ဟုဆို၍ လုလင်တို့အား တရားဟောဆုံးမလေသည်။

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေစဉ် “ဒေဝဒတ်ကို ကြည်ညို၍ လှူဒါန်းပူဇော် ကိုးကွယ်

www.burmeseclassic.com

www.burmeseclassic.com



သော အဇာတသတ်ကို အကြောင်းပြု၍'' ဤဇာတ်တော်ကို ဟောခဲ့၏။ ဤဇာတ်တော်ကို ဖတ်ရှုရခြင်းအားဖြင့် ''ကျေးသေကို အသက်မသွင်းကောင်း၊ လူမိုက်သည် လူမိုက်ကို ချီးမြှောက်လျှင် ပျက်စီးမည်သာ ဖြစ်ကြောင်း'' သင်ခန်းစာ ရရှိသည်။

--------- xxxxxxxx ---------

## ဒဗ္ဗပုပ္ဖဇာတ်

### ဖျံနှစ်ကောင်နှင့် မြေခွေးအကြောင်း

ဤဇာတ်တော်သည် ဇာတ်တော်နံပါတ် (၄၀၀)ဖြစ်ပြီး သျှစ်သောင်းပုထိုးတော်ကြီး၏ စတုတ္ထလိုဏ်ပတ် မြောက်ဘက်ရှိ တတိယအဆင့်တွင် တွေ့ရသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် မြစ်တစ်ခု အနီးသစ်ပင်ပေါ်၌ ရုက္ခစိုးနတ်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မြေခွေးတစ်ကောင်သည် မြစ်အနီးသို့သွားသောအခါ ငါးကြင်းကြီး တစ်ကောင်ကို အတူဖမ်းယူရရှိပြီး ကြောရိုးကို သူရသင့်သည် ငါရသင့်သည်ဟု အဝေမတည့် ငြင်းခုန်ကြသော ဖျံနှစ်ကောင်ကို တွေ့မြင်သွားသည်။ ဖျံနှစ်ကောင်က မြေခွေးအား တွေ့မြင်ပြီး ငါးကြင်းအား ငါတို့မခွဲဝေတတ်သဖြင့် အညီအမျှ ဝေပေးပါဟု ဆိုလေသည်။

ထိုအခါမြေခွေးသည် ငါးကြင်းကို သုံးပိုင်းပိုင်း၍ ခေါင်းပိုင်းနှင့်အမြီးပိုင်းနှစ်ခုကို ဖျံနှစ်ကောင်အားပေးပြီး အလယ်ပိုင်းသည် ငါတရားသူကြီးအတွက် ဖြစ်သည်ဟုဆိုကာ ယူ၍ထွက်သွားလေသည်။ ဖျံနှစ်ကောင်သည် စိတ်နှလုံး မသာမယာဖြင့် ကျန်ရစ်ခဲ့သည်။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် "သင်္ကန်းလျာအတွက်ရသည့် ပုဆိုးကြမ်းနှစ်ထည် ပုဆိုးနုတစ်ထည်ကို မဝေတတ်သော ရဟန်းကြီးနှစ်ပါးအား ပုဆိုးကြမ်းတစ်ထည်စီပေးပြီး မိမိမူ ပုဆိုးနုကိုယူသော "ဥပနန္ဒမထေရ်ကို အကြောင်းပြု၍" ဤဇာတ်တော်ကို ဟောခဲ့သည်။ ဤဇာတ်တော်ကို ဖတ်ရှုရခြင်းအားဖြင့် "ခိုက်ရန်ဖြစ်တတ်သော လူမိုက်တို့သည် လူယုတ်ပြုသမျှခံရမည်သာဖြစ်ကြောင်း" သင်ခန်းစာရရှိသည်။

## လက်ရှိအခြေအနေ

ပုထိုးတော်ကြီးကို လွန်ခဲ့သောနှစ်ပေါင်း (၄၆၀)ကျော်ခန့်က တည်ထား ကိုးကွယ်ခဲ့သည်ဖြစ်ရာ နှစ်ပေါင်းများစွာ ကြာမြင့်လာသည်နှင့်အမျှ သဘာဝ ဘေးဒဏ်များကို အလီလီခံလာခဲ့ရသည်။ မြေငလျင်ဒဏ်တို့ကြောင့် အက်ကွဲမှုများ ဖြစ်ပေါ်လာပြီး လိုဏ်ပတ်လမ်းအတွင်း မိုးရေယိုစိမ့်မှုများလည်း ဖြစ်ပေါ်လာသည်။ နိုင်ငံတော် အစိုးရက (၂၀၀၀)ခုနှစ်တွင် ကျပ်ငွေသိန်းပေါင်း(၃၀၀)ခန့် ကုန်ကျခံပြုပြင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ထီးတော်ကို အသစ်ပြန်လည်တင်ဆောင်ကာ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ မပျက်ပြားရအောင် ထိန်းသိမ်းဆောင်ရွက်ထားသည်။

ပုထိုးတော်ကြီး၏ တောင်ဘက်စောင်းတန်းရှိ အဝင်မုခ်ဦးကိုလည်း ပြည်တွင်းပြည်ပ သာသနာပြုဘဒ္ဒန္တ ဒေါက်တာ အရိယဝံသ အလိုတော်ပြည့်ဆရာတော်ဘုရားကြီး ဦးဆောင်မှုဖြင့် (၂၀၀၃)ခုနှစ်တွင် အသစ်တဖန် ပြန်လည်ပြုလုပ်ထားသည်။ တောင်ဘက်နှင့် အနောက်ဘက်လှေကားစောင်းတန်းများကို ၂၀၀၆ ခုနှစ်တွင် စေတနာရှင်များ၏ အလှူဖြင့် ပြုပြင်ပြီးဖြစ်ပါသည်။

သျှစ်သောင်းပုထိုးတော်ကြီး၏ အာရုံခံသိမ်တော် အပြင်ဘက်တွင် မြောက်ဦးမြို့အနီး ပတ်ဝန်းကျင်ဒေသများမှ ပင့်ဆောင်ကိုးကွယ်ထားခဲ့သော ကျောက်ညိုဆင်းတု အမျိုးမျိုးနှင့် ကျောက်ဆစ်ပလ္လင်များကို တွေ့ရသည်။ အာရုံခံသိမ်တော်ကြီး၏ တောင်ဘက်မျက်နှာစာတွင် မြောက်ဦးမြို့ အရှေ့မြောက်ဘက် ညီတော်နောင်တော်ဘုရားမှ (၁၉၉၂) ခုနှစ်က ပင့်ဆောင်ယူလာသော ဉာဏ်တော် (၆)ပေခန့်ရှိ ကျောက်ညိုဆင်းတုတော်နှစ်ဆူကို ဖူးတွေ့နိုင်သည်။ ဆင်းတုတော်များ စံပါယ်လျှက်ရှိသော ပလ္လင်ပေါ်ဝယ် ကျောက်ဆစ်



ပန်းလက်ရာများကို အနုစိတ်ထုလုပ်ထားသည်။ မြောက်ဦးခေတ် အစောပိုင်း ဘစောဖြူမင်း (အေဒီ - ၁၄၅၉-၁၄၈၂)၏ သားတော်များတည်ထား ကိုးကွယ်သော ဆင်းထုတော်များ ဖြစ်ကြောင်း သိရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းဆင်းထုတော်အနီးတွင်(၁၉၉၂) ခုနှစ်တွင် ညောင်ပင်ဈေး ဘုန်းတော်ကြီးကျောင်းမှ ပင့်ဆောင်ယူလာသော အလျား(၅)ပေ(၆)လက်မ၊ အနံ (၃)ပေ (၃)လက်မ၊ ထု (၆)လက်မခန့်ရှိသည့် (၁၀၈)ကွက် ဗုဒ္ဓစက်လက္ခဏာတော်များကို ထွင်းထုထားသော မြောက်ဦးခေတ် ခြေတော်ရာ တစ်ဆူကိုလည်း တွေ့ရှိရသည်။

ပုထိုးတော်ကြီး၏အဝင် ဘုရင်မင်းဗာကြီးရုပ်ထု၏ လက်ဝဲဘက်တွင် ၁၉၉၂ ခုနှစ်က ပင့်ဆောင်တည်ထားခဲ့သော ဆင်းထုတော်နှစ်ဆူကိုတွေ့ရသည်။ တစ်ဆူမှာ လေးမျက်နှာဘုရားအနီးမှ ပင့်ဆောင်ယူလာသော ဉာဏ်တော် အမြင့်(၄)ပေခန့်ရှိ ပဇင်္ဂြာဆင်းထုတော်ဖြစ်သည်။ ပထမမြောက်ဦးခေတ်သည် ဘုရင်မင်းစောမွန် (အေဒီ -၁၄၃၀-၁၄၃၃) ကိုးကွယ်ခဲ့သော ဆင်းထုဖြစ်သည်။ ဆင်းထုတော်စံပါယ်နေသော ပလ္လင်တော်မှာ ပဋိကတ်တိုက်၏ အရှေ့ဘက်တောင်ကုန်းပေါ်မှ ပြောင်းရွှေ့လာသော ပလ္လင်ဖြစ်ပြီး၊ ပလ္လင်ပေါ်တွင် ကြာမှောက် ကြာလှန်နှင့် ဘိန္နပြောက်များကို ထုဆစ်ထားသည်။

ကျန်ဆင်းထုတော်တစ်ဆူမှာ တကိုယ်လုံး ကြာသင်္ကန်း ဝတ်ထားဟန် ရှာန်သိုင်းမုဒြာပုံစံဖြစ်ပြီး လှိုင်းကွက်



ကလေးများပေါ်လွင်အောင် ထုလုပ်ထားသည်။ ဉာဏ်တော်အမြင့် (၅)ပေခန့်ရှိပြီး မုတ်ဆိတ်တော်စေတီ၏ အရန်စေတီငယ် အနီးမှ ပင့်ဆောင်ယူလာသော ဆင်းထုတော်ဖြစ်ပြီး ပထမ မြောက်ဦးခေတ်သည် ဘုရင် မင်းစောမွန် (အေဒီ ၁၄၃၀-၁၄၃၃) ကိုးကွယ်ခဲ့သော ဆင်းထု ဖြစ်မည်ဟု ခန့်မှန်းရသည်။

ဆင်းထုတော်ကြီးစံပါယ်တော်မူနေသော ပလ္လင်မှာ မြောက်ဦးမြို့ အရှေ့တောင်ဘက် မင်းခမောင်းစေတီအနီးမှ ပြောင်းရွှေ့လာခြင်းဖြစ်သည်။ ပလ္လင်အောက်ခြေတွင် နဂါးနှစ်ကောင် လိပ်ယှက်နေဟန်နှင့် ဝသုန္ဓြေရုပ်၊ ခြသေ့်ရုပ်နှင့် စည်တော်တီးနေဟန် ရုပ်ထုများ ကျောက်ဆစ် ပန်းခက်ပန်းနွယ်များဖြင့် ထုလုပ်ထားသည်။

ဘုရင်မင်းဗာကြီးရုပ်ထု၏ လက်ယာဘက်တွင် (၁၉၈၅)ခုနှစ်က အာရုံခံသိမ်တော်ကြီးကို ဆောက်လုပ်ခဲ့သော မော်ကွန်းကျောက်စာတိုင်တစ်ချပ်ရှိသည်။ ကျောက်စာတိုင်ဘေးတွင် ၁၉၉၂-ခုနှစ် ဝသဲဘုရားအနီးမှ ပြောင်းရွှေ့ပင့်ဆောင်လာသော ဉာဏ်တော် (၅)ပေ (၄)လက်မရှိ မတ်တတ်ရုပ် "မဟာဂရုဏာမုဒြာ" ဆင်းထုတော်တစ်ဆူရှိသည်။

www.burmeseclassic.com

www.burmeseclassic.com





မဟာဂရုဏာမုဒြာပုံတော်


ဤဆင်းထုတော်၏ အနီးတွင် မင်္ဂလမာရ်အောင် စေတီတော်အနီးမှ ပင့်ဆောင်လာသော ဉာဏ်တော်အမြင့် (၄)ပေခန့်ရှိ မြောက်ဦးခေတ်နှောင်းပိုင်း ဘူမိဖဿမုဒြာ တစ်ဆူကို တွေ့ရသည်။

သျှစ်သောင်းပုထိုးတော်ကြီး၏ ပင်မဆင်းထုတော်ကြီး



တည်ရှိရာ ပထမမဏ္ဍိုင်အဝင်မုခ်တံကဲကို (၁၉၉၃)ခုနှစ်တွင် ရှေးမူမပျက် ကျောက်ဆစ်လက်ရာများဖြင့် ပြန်လည်ပြုပြင်ထားသည်။ ပုထိုးတော်ကြီး၏ အရှေ့မျက်နှာစာနှင့် တဆက်တည်း သိမ်တော်ကြီး၏ အတွင်းအပြင် ကျောက်နံရံပစ္စယံများတွင်လည်းကောင်း၊ မုခ်ပေါက်ကြီးငယ်များတွင် လည်းကောင်း၊ ဆင်းထုတော်ကြီးငယ်များစွာကို တွေ့ရှိနိုင်သည်။

လွန်ခဲ့သောနှစ်ပေါင်း (၄၀၀) ကျော်က တည်ထားကိုးကွယ်ခဲ့သော သျှစ်သောင်း ပုထိုးတော်ကြီးသည် ယနေ့ထိတိုင် ဘုရားဖူးလေ့လာသူ၊သုတေသန ပြုလိုသူ၊ နိုင်ငံခြားသား



ရခိုင်ရိုးရာကျွင်ကိုင်ပွဲ

www.burmeseclassic.com

www.burmeseclassic.com





ရခိုင်ရိုးရာလှေပြိုင်ပွဲ

များသာမက ဒေသခံတိုင်းရင်းသား လူမျိုးပေါင်းစုံတို့ဖြင့် အစဉ်အမြဲစည်ကားလျှက် ရှိပေသည်။ နှစ်စဉ် “ကဆုန်လပြည့်”နေ့ရောက်တိုင်း သျှစ်သောင်းပုထိုးတော်ကြီးကို ကျင်းပပူဇော် ကိုးကွယ်နေဆဲပင်ဖြစ်သည်။

သျှစ်သောင်းဘုရားပွဲတော်တွင် ရခိုင်ရိုးရာလှေပြိုင်ပွဲ၊ ရခိုင်ရိုးရာကျင်ကိုင်ပွဲ၊ ရခိုင်ရိုးရာယဉ်ကျေးမှုကပွဲများကို ရခိုင်ရိုးရာထုံးတမ်းစဉ်လာများဖြင့် အလွန်စည်ကား သိုက်မြိုက်



စွာ ကျင်းပမြဲ ဖြစ်သည်။ ပွဲတော်ချိန်တွင် ဘုရားဖူး ဧည့်သည်များမှာ လွန်စွာများပြားလှသော်လည်း ဆန်ရေစပါး၊ သားငါး သီးနှံ ပွားများပြည့်စုံသော မြောက်ဦးမြို့တွင် လာလာသမျှသော ဧည့်သည်အပေါင်းတို့သည် စိတ်ချမ်းသာပြီး ပျော်ရွှင်ကြည်နူးရခြင်းမှာ ပုထိုးတော်ကြီး၏ ဘုန်းတန်ခိုး အာနုဘော်ကြောင့်ပင် ဖြစ်မည်ထင်ပါသည်။

--------- XXXXXXXX ---------

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## နိဂုံး

ဒုတိယမြောက်ဦးခေတ်တည် ဘုရင်မင်းဗာကြီးသည် အနောက်ဘင်္ဂါ(၁၂)တိုင်းကို အောင်မြင်သောအထိမ်းအမှတ် အဖြစ်ဖြင့်လည်းကောင်း၊ ဓါတ်တော် မွေတော်ပေါင်းရှစ်သောင်း လေးထောင်၊ ဓမ္မခန္ဓာကိုယ်ပေါင်းရှစ်သောင်းလေးထောင်ကို ရည်စူး၍ လည်းကောင်း တည်ထားကိုးကွယ်ခဲ့သော သျှစ်သောင်းပုထိုးတော်ကြီးထဲတွင် ရခိုင်လူမျိုးတို့၏ ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်ပုံများ၊ ရိုးရာယဉ်ကျေးမှု အနုပညာလက်ရာ ပြောင်မြောက်ပုံများ၊ တည်ဆောက်မှုအနေအထား ဆန်းပြားပြီး ဗိသုကာပညာထွန်းကားခဲ့ပုံတို့ကို ဤပုထိုးတော်ကြီးအား ဖူးမျှော်လေ့လာခြင်းဖြင့် သိရှိနိုင်သည်။

အချုပ်အားဖြင့်ဆိုရသော် မိုးတွင်းကာလ မိုးရေချိန် လက္ခအမြင့်ဆုံးဖြစ်သော ရခိုင်ဒေသ၏ ပြင်းထန်သော ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံနိုင်အောင် အမြော်အမြင် ကြီးစွာဖြင့် တည်ထားပေးခဲ့သော ဘုရားဒါယကာ ဘုရင်မင်းဗာကြီး၊ သျှင်ဦးမြဝါ၊ မဟာပညာကျော်နှင့်တကွ ကုသိုလ်ဒါန ပါရမီရှင် များအားလုံးကို လေးစားဂုဏ်ယူစွာဖြင့် ကျေးဇူးတင်မိပါသည်။ နောင်အနာဂတ်၌ တိုင်းရင်းသား ပြည်သူများရှေးခေတ် ယဉ်ကျေးမှုအနုပညာလက်ရာများကို တန်ဖိုးထားလေးစားစေရန်



ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေရန်နှင့် လူမှုရေးဦးတည်ချက် (၄)ရပ်တွင် တစ်ချက်အပါအဝင်ဖြစ်သော အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ယခုအချိန်ထိ ခိုင်ခိုင်မာမာတည်တံ့လျှက်ရှိသော "ရန်အောင်ဇေယျ (ခေါ်) သျှစ်သောင်းပုထိုးတော်ကြီးကို ဖူးမျှော်ကြည်ညိုနိုင်ရန်အတွက် တိုင်းရင်းသားမိတ်ဆွေညီကိုမောင်နှမတို့အား စိတ်ထားစေတနာဖြူစင်သန့်ရှင်းစွာဖြင့် ရခိုင်အမျိုးသားများကိုယ်စား စာရေးသူက ထပ်ဆင့် ဖိတ်ခေါ်လိုက်ပါသည်။

သိန်းထွန်းအောင်
မြောက်ဦးသုတေသန

www.burmeseclassic.com